မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်၊ ၂၀၁၀ခုနှစ်၊ မတ် ၅ ရက်၊ သောကြာနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၅၆)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လက်ခံ တွေ့ဆုံ

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာန ဝန်ကြီး **H.E. Mr. Wang Jiarui** ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံ တွေ့ဆုံစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာနဝန်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာန ဝန်ကြီး H.E.Mr. Wang Jiarui ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁နာရီတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူးဦးဌေးဦး၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဒေါက်တာချမ်းငြိမ်း၊ သူရဦးမြင့်မောင်၊ ဦးဉာဏ်ထွန်းအောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာန ဝန်ကြီး H.E.Mr. Wang Jiarui ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Ye Dabo လည်း တက်ရောက်သည်။ **(သတင်းစဉ်)**



ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် မြို့ပြ ကျယ်ဝန်းလာရာ တောင်စောင်းနေရာများပါမကျန် အိုးအိမ်တိုက်တာများ တိုးချဲ့တည်ဆောက်လာခဲ့ပြီ ဖြစ်သည်။ ဓာတ်ပုံမှတ်တမ်း-လေးနွယ်(မင်္ဂလာဒုံ)

အေးချမ်းသာစွ တောင်ကြီးမြို့အလှ

သတင်းခရီးသည် - မောင်မောင်မြင့်ဆွေ

ဓာတ်ပုံမှတ်တမ်း - လေးနွယ်(မင်္ဂလာဒုံ)

စာမျက်နှာဖွဲ့စည်းမှု - လဲ့လဲ့ဝင်း (မြန်မာ့အလင်း)

တောင်ကြီး မတ် ၄

အေးချမ်းသာယာလှသည့် တောင်ကြီးမြို့....။ တစ်နေ့လုံး အအေးဓာတ် လွှမ်းခြုံထားသည်ဖြစ်ရာ လူတိုင်း အနွေးထည်ကိုယ်စီ ဝတ်ဆင်ထားရသည်။ ရှမ်းတောင်တန်းကို နောက်ခံထားသည့်အပြင် ဆန်းသစ်သော ဒီဇိုင်းပုံစံ နေအိမ်အဆောက်အအုံများကြောင့် တောင်ကြီးမြို့သည် လှပသော ပန်းချီကား တစ်ချပ်သဖွယ်....။

စာမျက်နှာ ၇ ကော်လံ ၁ ●

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် မတ် ၅ရက်)

စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းပျိုးထောင် စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ထိန်းသိမ်းစောင့်ရှောက်

ယခုအခါ ပြည်ထောင်စုတစ်ဝန်း ကျေးလက်စာကြည့်တိုက်များ ပေါ်ထွန်းလျက်ရှိသည်။ စာကြည့်တိုက်များ ပေါ်ထွန်းလာခြင်းသည် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကိုပါ အထောက်အကူပြုလျက်ရှိသည်။

စာကြည့်တိုက်များသည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ လူ့ယဉ်ကျေးမှုဆိုင်ရာ ပညာရပ်များ၊ ဗဟုသုတများ၊ အတွေးအခေါ်ပညာရှင်များ၊ သမိုင်းဆရာကြီးများ၊ ကဗျာစာဆိုများ၊ ပညာရှင်ကြီးများ၏ အတွေးအမြင် အယူအဆ ဒဿနများ ပညာရပ်ပေါင်းစုံ သိုမှီးထားရာ ရတနာသိုက်ကြီးများလည်း ခေါ်ဆိုနိုင်သည်။

ကိုယ်ခံအင်အားကောင်းရန်၊ အကောင်းအဆိုး ဝေဖန်ခွဲခြားသိရှိနိုင်ရန် ရရှိနိုင်သည့် ဘူမိနက်သန် နေရာမှန်သည် စာအုပ်စာပေများပင်ဖြစ်သည်။ ဘဝခရီးကိုအောင်မြင်စွာ ကျော်လွှားဖြတ်သန်းနိုင်ရန် ပတ်ဝန်းကျင်ဖြစ်ပေါ်မှု မှန်သမျှကို မျက်ခြည်မပြတ် လေ့လာဆည်းပူးရန် လိုအပ်သည်။ ယင်းသို့ လေ့လာဆည်းပူးခြင်းတွင်လည်း စာပေဖတ်ရှုခြင်းသည် အကောင်းဆုံးသော နည်းလမ်းဖြစ်သည်။

လူတိုင်းသည် အရည်အချင်းမြင့်မားရန်၊ အရည်အသွေးတိုးတက်ရန် ပညာဗဟုသုတများနှင့်ပြည့်စုံရန် ကြံစည် ကြိုးပမ်းနေကြရမည်ဖြစ်သည်။ သို့မှသာ နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ထမ်းဆောင်ရာတွင် ထက်မြက်သွက်လက်စွာ ကြိုးပမ်းစွမ်းဆောင်နိုင်မည်ဖြစ်သည်။

စာကြည့်တိုက်များက ကျေးလက်ပြည်သူများကို မျက်စိအလင်းဆောင်ပေးလျက်ရှိသည်။ ကျေးလက်ပြည်သူများအပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် စာဖတ်သည့်အလေ့အထကို ထာဝရမွေးမြူကာ တည်ထောင်ပြီးစာကြည့်တိုက်များ အစဉ်တည်တံ့ ရှင်သန်တိုးပွားနေစေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်း သွားကြရမည်ဖြစ်သည်။

နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များကို အကောင်အထည်ဖော်ရာ၌ စာကြည့်တိုက်ပညာသည် အထောက်အကူပြုပြီး ခေတ်နှင့်အညီ ဖြစ်ပေါ်တိုးတက်နေသော အခြေအနေအရပ်ရပ်ကို စာပေဗဟုသုတမှတစ်ဆင့် ရှာဖွေဖတ်ရှုလေ့လာမှတ်သားနိုင်ပေရာ စာပေဖတ်ရှုသည့် အစဉ်အလာကောင်း ပြုကျင့်ကြပြီး တည်ထောင်ထားသည့်စာကြည့်တိုက်များ ရှင်သန်တိုးပွားရန်အတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၅-၃-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၅ ၇။ **မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ အိုင်စီတီသုတ
၄:၂၅ ၄။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄:၃၅ ၅။ မဟာဂီတ ချိုကြည်မြ
၄:၄၅ ၆။ မျိုးချစ်တပ်မတော်
၄:၅၅ ၇။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၅:၀၅ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၅:၁၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ **ရှင်သန်နေသော သဲနုန်းမြေ** (အပိုင်း-၁)
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၃။ လျှပ်တစ်ပြက်
၆:၃၀ ၁၄။ **ရှာ** ဟာသဇာတ်လမ်းတွဲ **အိပ်မက်မှအပြန်** မေတ္တာ၊ ပေါ်လေး၊ ချစ်ဖွယ်
၆:၅၀ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၅၆)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ လျှပ်တစ်ပြက်
၂၂။ ရှင်သန်နေသော သီချင်းများ တေးသံရှင် နွဲ့ယဉ်ဝင်း **ယနေ့မှစ၍ နှစ်တစ်ရာတိုင်စေ** (အပိုင်း-၂)
၂၃။ မြဝတီရုပ်မြင်သံကြား မင်္ဂဇင်းကဏ္ဍ
၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကမ္ဘာ့ညီးတင်မယ့် ချစ်သူရဲကောင်း** (အပိုင်း-၁)

စစ်ကိုင်းမြို့နယ် သီတဂူဗြဟ္မာယုအာယုဒါန ဆေးရုံသစ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

နေပြည်တော် မတ် ၄

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် ဖေဖော်ဝါရီ ၂၆ရက်က စစ်ကိုင်းမြို့နယ် ဆားဘောင်စံပြကျေးရွာ၌ ကျင်းပသော ခုတင်(၄၀)ဆံ့ သီတဂူဗြဟ္မာယု အာယုဒါနဆေးရုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။ အဆိုပါ အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ဆေးရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)** ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကာ လိုအပ်သည်များကို မှာကြား ဖြည့်ဆည်းပေးသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ တိုင်းမှူးသည် ကျော်ဇေယျာကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ ထို့နောက် စာကြည့်တိုက်အဆောက်အအုံကို တာဝန်ရှိသူတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်များပေးအပ်လှူဒါန်းကာ စာကြည့်တိုက်အတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် တိုင်းမှူးသည် မုံရွာမြို့ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသော ဘဲလင်း- အုန်းတော- ညောင်ပင်ကြီး ကေဗွီ(၂၃၀)မဟာဓာတ်အားလိုင်းစီမံကိန်း ချင်းတွင်းမြစ်ကျော်တာဝါတိုင် တည်ဆောက်ခြင်းလုပ်ငန်း ရှင်းလင်းဆောင်သို့ရောက်ရှိပြီး တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

မှာကြား

ဆက်လက်၍ တိုင်းမှူးသည် လုပ်ငန်းခွင်အတွင်း ချင်းတွင်းမြစ်ကျော်တာဝါတိုင် တပ်ဆင်ခြင်းနှင့် ကြိုးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြို့တော်ဂေါက်ကွင်း၌ တစ်ချက်တည်းကျင်းဝင်

နေပြည်တော် မတ် ၄

ဦးရဲထွဋ် (လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း ငွေသော်တာကွင်း၌ ဖေဖော်ဝါရီ ၂၈ရက် မွန်းလွဲ ၂နာရီက ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၅)၌ ၁၅၄ကိုက်အကွာမှ Titleist Pro V1 No.(4) ဘောလုံးကို HOMMA BERES 712 Iron 8 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားသည်။

ထိုအချိန် ကစားဖော်များဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီးစိုးဝင်း(ငြိမ်း)၊ ဒေါက်တာသိမ်းဌေး၊ ဦးဌေးလှိုင်(မာလာမြိုင်)၊ ဦးစိန်ထွန်း(ရွှေရည်ဝင်း)တို့နှင့်အတူ ကစားလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ကျေးလက် ကျောက်ချောလမ်းဖွင့်

ညောင်လေးပင် မတ် ၄

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော ပုဇွန်မြောင်း ကျေးရွာအဝင် ကျောက်ချောလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက်က အဆိုပါလမ်းရှိမုခ်ဦး၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်ဝင်း၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးတင်ဌေးနှင့် ပုဇွန်မြောင်းကျေးရွာဥက္ကဋ္ဌ ဦးစိုးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြပွဲ မင်္ဂလာတောင်ညွန့် မင်္ဂလာဈေး၌ ကျင်းပ

ရန်ကုန် မတ် ၄

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေး ဟောပြောပွဲနှင့် မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာဈေး ဈေးသာယာရေးကော်မတီက ကြီးမှူး၍ ဖေဖော်ဝါရီ ၂၇ရက်တွင် မင်္ဂလာဈေးဝင်းအတွင်း ကျင်းပသည်။ **(အောက်ပုံ)**

လက်တွေ့သရုပ်ပြ

ရှေးဦးစွာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာနမှူး ဦးတင်ကိုကို၊ တောင်ပိုင်းခရိုင်ဈေးများဌာန အုပ်ချုပ်ရေးမှူး ဦးမောင်မောင်အေး၊ တာမွေမြို့နယ် မီးသတ်ဦးစီးမှူးဦးမျိုးဝင်းတို့က ဈေးများမီးဘေးအန္တရာယ်မှ ကင်းဝေးရေးအတွက် ဆောင်ရန်ရှောင်ရန် ကိစ္စရပ်များကို အသိပညာပေး ဟောပြောပို့ချသည်။ သရုပ်ပြပွဲသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လက်အောက်ရှိ ဈေးပေါင်း ၁၆၅ ဈေးမှ ဈေးတာဝန်ခံများ၊ အုပ်ချုပ်ရေးမှူးများနှင့် ဈေးသူဈေးသားကိုယ်စားလှယ်များ တက်ရောက်ကြပြီး တာမွေမြို့နယ် သန္တေမီးသတ်တပ်ဖွဲ့များနှင့် မင်္ဂလာဈေးမီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြသကြသည်။ **(အောက်ပုံ)** (၁၂၃)

ရေဝတီတိုင်း ရေကြည်နှင့် ကျုံပျော်မြို့နယ်တို့၌ လမ်းများဖွင့်

ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်အားပေး

နေပြည်တော် မတ် ၄

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဧရာဝတီတိုင်း ရေကြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သည့် ရေကြည်မြို့နယ် ကျုံတာ-ဇရပ်လှ ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂ ရက်က အဆိုပါလမ်းဖွင့်ပွဲ မုခ်ဦး၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်အားပေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရေကြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးနိုင်က ကျုံတာ-ဇရပ်လှ ကျေးလက်ကျောက်ချောလမ်းနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် မြို့နယ်ဥက္ကဋ္ဌ ဦးစံလှိုင်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ရပ်မိရပ်ဖတစ်ဦးတို့က ကျေးလက် ကျောက်ချောလမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ကြီးနှင့် ဧည့်သည်များသည် ကျောက်ချောလမ်းသစ်တစ်လျှောက်ကို ဖြတ်သန်းကြည့်ရှုကြသည်။

ဆက်သွယ်ထား

အဆိုပါလမ်းသည် အရှည် ၄ မိုင် ၆ ဖာလုံရှိပြီး ရေကြည်မြို့နယ် ဇရပ်လှ တိုက်နယ်အတွင်းရှိ ဇရပ်လှ၊ မယင်းကူး၊ ပိတောက်ချောင်း၊ တောင်လဟာ၊ ကျုံပတုတ်၊ ကညင်ဂူ၊ နတ်စင်ငူနှင့် ကျုံမရမ်း ကျေးရွာအုပ်စုရှိ ကျေးရွာများမှ ငါးသိုင်းချောင်း-အိုင်သပြေ ကားလမ်းသို့ ဆက်သွယ်ထားသည့် လမ်းဖြစ်သည်။

အလားတူ ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သည့် မန်းစက္ကူ-ကွင်းချောက်-သာယာကုန်း ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကိုကျင်းပရာ ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်းက လမ်းနှင့်စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ဖွင့်လှစ်

ယင်းနောက် ကျုံပျော်မြို့နယ် ဥက္ကဋ္ဌ ဦးရဲဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ရပ်မိရပ်ဖတစ်ဦးတို့က ကျေးလက်ကျောက်ချောလမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ကြီးနှင့် ဧည့်သည်များသည် ကျောက်ချောလမ်းသစ်တစ်လျှောက်ကို ဖြတ်သန်းကြည့်ရှုကြသည်။

ယင်းလမ်းသည် အရှည်ပေ ၁၀၇၄၀ ရှိပြီး ယခင်မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ မန်းစက္ကူ၊ ကွင်းချောက်၊ ကွင်းလျား၊ သာယာကုန်း ကျေးရွာအုပ်စုတို့မှ ဟင်္သာတမြို့သို့ ခရီး ၁၄ မိုင်ခန့် သက်သာပြီး ရာသီမရွေးသွားလာနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သက်ကြီးဘိုးဘွားများ ကန်တော့ပွဲ

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တက်ရောက်

နေပြည်တော် မတ် ၄

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် မတ် ၁ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် ဒေးဒနော‌ကျေးရွာ ဘိုးဘွားရိပ်သာ၌ ကျင်းပသော မြို့နယ်အတွင်းရှိ အသက် (၇၅)နှစ်အထက် သက်ကြီးဘိုးဘွားများအား ကန်တော့ပွဲသို့ တက်ရောက်ပြီး သက်ကြီးဘိုးဘွားများအား ကန်တော့ကာ လှူဖွယ်ပစ္စည်းများကို လှူဒါန်း၍ သက်ကြီးဘိုးဘွားများ၊ မြို့မိမြို့ဖများနှင့် ကျေးရွာသူကျေးရွာသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မတ် ၄ရက်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာနဝန်ကြီး H.E. Mr. Wang Jiarui အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်း-ရွှေဖုံး) (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကွမ်းခြံကုန်းမြို့နယ် ဒေးဒနောကျေးရွာ ဘိုးဘွားရိပ်သာ၌ အသက် (၇၅)နှစ်အထက် သက်ကြီးဘိုးဘွားများအား လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ သစ်စက်နှင့်စိုက်ခင်းများ

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၄

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မတ် ၁ရက် နံနက်ပိုင်းတွင် လားရှိုးမြို့ သစ်တောဦးစီးဌာန ပြည်နယ်သစ်တောရုံးသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်၌ ပြည်နယ်သစ်တောဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် ပြည်နယ်သစ်ထုတ်ရေးဌာနမှ ဒုတိယအထွေထွေမန်နေဂျာတို့က သစ်တောလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် အစည်းအဝေးခန်းမ၌ လားရှိုးမြို့ရှိ သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဌာနရည်မှန်းချက်များ ပြည့်မီအောင် ဆောင်ရွက်ရေး မှာကြားသည်။

မှာကြား

ထို့နောက် ဝန်ကြီးသည် လားရှိုးမြို့ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန သံလွင်အငှားသစ်စက်၊ ဒေါ်စန်းရီအငှားသစ်စက်နှင့် သီပေါမြို့ မြသီတာအငှားသစ်စက်များသို့သွားရောက်၍ သစ်ခွဲစိတ်လည်ပတ်ပုံ အဆင့်ဆင့်၊ ခွဲစိတ်ပြီးသစ်ခွဲသားများ စနစ်တကျထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်၌ ပြည်နယ်ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်တာဝန်ခံ ဦးကျော်ဝင်း၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် ကျောက်မဲမြို့နယ် စံလောင်းကြိုးပြင်ကာကွယ်တော ၁၉၈၅ခုနှစ် ပိတောက်စိုက်ခင်း ဧက ၂၀၀၌ ကြိုးဝိုင်းများ ကာကွယ်စောင့်ရှောက်ထားမှု၊ ပိတောက်စိုက်ခင်း အောင်မြင်ကြီးထွားနေမှု၊ ပင်ကျပ်ပင်များ ထုတ်လုပ်နေမှု အခြေအနေနှင့် စိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ကျောက်မဲမြို့နယ် လားရှိုးသစ်ထုတ်ရေးဒေသ ပင်တိန်းသစ်ဆိပ်၌ သစ်လုံးများ စနစ်တကျထားရှိမှု၊ သစ်တိုက်ယာဉ်များအပေါ် ယန္တရားများဖြင့် သစ်လုံးတင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး နောင်ချိုမြို့နယ် သစ်တောဦးစီးဌာန ဘန့်ဘွေး အမြဲတမ်းပျိုးဥယျာဉ်သို့ ရောက်ရှိ၍ ပျိုးဥယျာဉ်အတွင်း ပျိုးပင်များပျိုးထောင်ထားမှု၊ ယူကလစ်သားဖြင့် အိမ်ရာဆောက်လုပ်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျေးရွာစာကြည့်တိုက်များသို့

FM ရေဒီယိုများနှင့် စာအုပ်စာစောင်များလှူဒါန်း

လားရှိုး မတ် ၄

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်စန်း လိုက်ပါလျက် ဖေဖော်ဝါရီ ၂၅ ရက်နှင့် ၂၆ ရက်များက ချင်းရွှေဟော်မြို့နယ် လုံထန်ကျေးရွာ၊ လောက်ကိုင်မြို့နယ် ဝါစင်ကျော်ကျေးရွာနှင့် တာရွှေထန်ကျေးရွာ စာကြည့်တိုက်များသို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ထိန်းသိမ်းစောင့်ရှောက်

အဆိုပါစာကြည့်တိုက်များတွင် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီဝင်များနှင့်တွေ့ဆုံ၍ ကျေးရွာစာကြည့်တိုက်များ ရေရှည်ရှင်သန်ခိုင်မာရေးအတွက် ပြည်သူများအနေဖြင့် စာကြည့်တိုက်ကို အသုံးပြုကြရန်၊ စာများများဖတ်ကြရန်၊ စာကြည့်တိုက်ကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားသည်။

အားပေးစကားပြောကြား

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်သည် ကျေးရွာဥက္ကဋ္ဌများသို့ ချယ်ရီ FM ရေဒီယိုအလုံး ၅၀စီနှင့် စာအုပ်စာစောင်များ ပေးအပ်ကာ စာကြည့်တိုက်အတွင်း ပြသထားသည့် ဖွံ့ဖြိုးတိုးတက်မှု မှတ်တမ်းဓာတ်ပုံများ၊ DTH စလောင်းဖမ်းယူ ပြသထားမှုများ၊ စာကြည့်တိုက်အတွင်း ပြသထားသည့် စာအုပ်စာစောင်များကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာကော်မတီဝင်များနှင့် စာကြည့်တိုက်မှူးများအား အားပေးစကား ပြောကြားကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

တပ်မတော် (ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပ

နေပြည်တော် မတ် ၄

၂၀၁၀ခုနှစ် (၆၅)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၁၈) ကြိမ်မြောက် တပ်မတော် (ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲကို ယနေ့နံနက် ၆နာရီခွဲတွင် နေပြည်တော်ရှိ အမှတ်(၇) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ကျင်းပရာ စစ်တီးဝိုင်းပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေး ကော်မတီဝင်များနှင့် တပ်မတော် (ကြည်း၊ရေ၊လေ)မှ အရာရှိစစ်သည်များ တက်ရောက်ကြသည်။

ဝင်ရောက်ယှဉ်ပြိုင်

ပြိုင်ပွဲတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်း တပ်ခွဲ (၂)၊ အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုစစ်တီးဝိုင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုစစ်တီးဝိုင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုစစ်တီးဝိုင်း တပ်ခွဲ(၂)၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုစစ်တီးဝိုင်း တပ်ခွဲ(၁)၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုစစ်တီးဝိုင်း တပ်ခွဲ(၁)၊ အမှတ်(၄၄) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်းနှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုစစ်တီးဝိုင်း တပ်ခွဲ(၂) အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျောက်မဲအသင်း (ရန်ကုန်)

နှစ်ပတ်လည် အစည်းအဝေး

ရန်ကုန် မတ် ၄

ကျောက်မဲမြို့နယ်အသင်း (ရန်ကုန်)၏ ဒုတိယအကြိမ်မြောက် သင်းလုံးကျွတ် အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲကို မတ် ၁၄ရက် (တနင်္ဂနွေနေ့)နံနက်၉နာရီတွင် ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်းရှိ (အရှေ့ဘက်မုခ်အနီး) ကမ္ဘာဇမ္ဗူရုံ၌ ကျင်းပမည်ဖြစ်သည်။

ရန်ကုန်ရောက် (ကျောက်မဲ)နယ်သူနယ်သားများ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ အစည်းအဝေးသို့ တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် ဦးခင်မောင်လေး (Doaru)ဥက္ကဋ္ဌ ဖုန်း-၀၉-၅၀-၀၅၀၈၁၊ ဒေါ်စန်းစန်းမြင့် ဒုတိယဥက္ကဋ္ဌ မြို့နယ်ပညာရေးမှူး ဒဂုံမြို့နယ် ဖုန်း-၀၁-၃၇၉၄၃၇၊ ဦးထွန်းဝင်း (GOOD FAITH) အတွင်းရေးမှူး-၂ ဖုန်း-၀၁-၃၇၁၅၅၆၊ ဒေါ်မေသွယ်ခင် ဘဏ္ဍာရေးမှူး ဖုန်း-၀၉-၅၁-၅၉၂၁၂၊ ဒေါ်နန်းဝင်းမာအေး အတွင်းရေးမှူး-၃ ဖုန်း-၀၉-၅၀-၂၁၈၀၉၊ ဒေါ်နန်းခင်မြတ်မင်း (GOOD FAITH) ပြန်ကြားရေးမှူး ဖုန်း-၀၁-၂၄၁၉၂၅နှင့် ဦးအုန်းလွင် အထွေထွေအတွင်းရေးမှူး (ကျောက်မဲ)အသင်းရုံး ဖုန်း-၀၁-၂၄၁၉၂၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ကာဂျစ္စတန် လေတပ်အခြေစိုက်စခန်း အမေရိကန် ထပ်မံငှားရမ်း

ဝါရှင်တန် မတ် ၄

အမေရိကန်နိုင်ငံသည် ကာဂျစ္စတန်နိုင်ငံတွင် ၎င်းတို့ငှားရမ်းထားသည့် လေတပ်အခြေစိုက်စခန်းကို ထပ်မံငှားရမ်းလိုက်ကြောင်း၊ သို့ရာတွင် ငှားရမ်းခငွေကို ယခင်ပေးချေရသည့်နှုန်းထက် သုံးဆကျော်တိုးပေးရဖွယ်ရှိကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ကာဂျစ္စတန်နိုင်ငံ မြို့တော်ဘီရှက်အနီးတွင်ရှိသည့် အဆိုပါမာနာလေတပ် အခြေစိုက်စခန်းသည် အာဖဂန်နစ္စတန်နိုင်ငံကို အမေရိကန်တို့ ဦးဆောင်တိုက်ခိုက်ရာ၌ အရေးပါသည့် စခန်းဖြစ်သည်။

အသုံးပြု

အမေရိကန်တပ်ဖွဲ့ဝင် ၃၅၀၀၀တို့သည် အာဖဂန်နစ္စတန်စစ်ဒေသသို့ ဝင်ထွက်သွားလာရာ၌ အဆိုပါစခန်းများကို လစဉ် အသုံးပြုလေ့ရှိသည်။

လွန်ခဲ့သည့်နှစ်တွင်မူ ကာဂျစ္စတန်နိုင်ငံက အဆိုပါစခန်းကို ခေတ္တပိတ်ထားရန် အမိန့်ပေးခဲ့သည်။

သဘောတူ

နောက်ဆုံးတွင် အမေရိကန်၏ ဖိအားပေးချက်ကို ကာဂျစ္စတန်နိုင်ငံအစိုးရက အားမတန်၍ မာန်လျှော့လိုက်ရပြီး ယင်းအခြေစိုက်စခန်းကို တစ်နှစ်လျှင် အမေရိကန်ဒေါ်လာသန်း၆၀ဖြင့် အမေရိကန်အားငှားရမ်းရန် သဘောတူလိုက်ရသည်။ **(အင်တာနက်)**

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ကျည်ဆန်ရထား စတင်ပြေးဆွဲမှုကို မတ်၃ရက်က တွေ့ရစဉ်။ (တောင်ကိုရီးယားနိုင်ငံသည် ပြင်သစ်နည်းပညာကို အခြေခံ၍ အဆိုပါ ကျည်ဆန်ရထားတီထွင်ထုတ်လုပ်ခဲ့ပြီး ခြောက်နှစ်အကြာ မတ် ၂ရက်က ပထမဆုံးအကြိမ် ဒေသတွင်းရထားအဖြစ် စတင်ပြေးဆွဲခဲ့ခြင်းဖြစ်သည်။) **(အင်တာနက်ဓာတ်ပုံ)**

A(H1N1) ကြောင့် ထိုင်းနိုင်ငံ၌ သုံးဦးထပ်မံသေဆုံး

ဗန်ကောက် မတ် ၄

ထိုင်းနိုင်ငံ၌ A(H1N1) တုပ်ကွေးရောဂါကြောင့်သုံးဦးထပ်မံသေဆုံးခဲ့သဖြင့် သေဆုံးသူ ၂၁၂ဦးရှိလာကြောင်း ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက မတ် ၃ရက်တွင် တရားဝင်ထုတ်ပြန်ကြေညာသည်။

A(H1N1) ရောဂါသည်ကျောင်းသားများအကြား ပိုမိုကျယ်ပြန့်စွာ ပျံ့နှံ့ကူးစက်လျက်ရှိသည်ဟု ထိုင်းသတင်းဌာနက ထုတ်ပြန်ကြေညာသည်။

ထိုင်းနိုင်ငံအနေဖြင့် ပထမဆုံး A(H1N1) ရောဂါဝေဒနာရှင် နှစ်ဦးအား မေ ၁၂ရက်တွင် စစ်ဆေးတွေ့ရှိခဲ့ပြီး ယင်းရောဂါကြောင့် သေဆုံးသူဦးရေ အမြင့်ဆုံးနိုင်ငံများတွင် ၃၃နေရာ၌ ပါဝင်သည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသရှိ ခရမ်နိုရပ်မြို့၌ ဆီးနှင်းများ ထူထပ်စွာ ကျဆင်းလျက် ရှိသည်ကို မတ်၃ရက်က တွေ့ရစဉ်။

(ယင်းဒေသသည် ရုရှားနိုင်ငံ၏ဆီးနှင်းအထူထပ်ဆုံးကျဆင်းရာ ဒေသတစ်ခုဖြစ်သည်။)

(အင်တာနက်ဓာတ်ပုံ)

ရေနံတူးဖော်ရေး သဘောတူစာချုပ် အီရန်နှင့်ရုရှား နှစ်နိုင်ငံချုပ်ဆိုကြမည်

တီဟီရန် မတ် ၄

အီရန်နိုင်ငံအနောက်ပိုင်း အာဇာရေနံမြေ၌ ရေနံတူးဖော်ရေးအတွက် ရုရှားနိုင်ငံ ဂက်စပရွန် ရေနံကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အီရန်နိုင်ငံ အမျိုးသားရေနံကုမ္ပဏီမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

စီစဉ်ထား

မတ် ၂၁ရက်တွင် စတင်မည့် အီရန်နှစ်သစ်ကူးနေ့ မတိုင်မီ အဆိုပါသဘောတူစာချုပ်ကို ချုပ်ဆိုသွားမည်ဖြစ်ကြောင်း၊ ဂက်စပရွန်ရေနံကုမ္ပဏီအပါအဝင်ပြည်တွင်းပြည်ပရေနံကုမ္ပဏီစုနှင့် စာချုပ်ချုပ်ဆိုသွားရန် စီစဉ်ထားကြောင်း အီရန်အမျိုးသားရေနံကုမ္ပဏီ (အင်န်အိုင်အိုစီ) ရေနံနှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာဌာန ညွှန်ကြားရေးမှူး ဘာမင်ဆိုရိုရီက မတ် ၁ရက်တွင် ပြောကြားသည်။

အဆိုပါ ရေနံတွင်း၌ ရေနံတူးဖော်ရေးကိစ္စရပ်များနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို အီရန်နိုင်ငံအမျိုးသားရေနံကုမ္ပဏီ (အင်န်အိုင်အိုစီ) ကိုယ်စားလှယ်နှင့် ဂက်စပရွန်ကုမ္ပဏီတို့ ယခုနှစ်စောစောပိုင်းက အသေးစိတ် ဆွေးနွေးညှိနှိုင်းခဲ့ကြပြီဖြစ်သည်ဟု သိရသည်။ **(အင်တာနက်)**

နိုင်ငံတကာရိုးရာ ယဉ်ကျေးမှုပွဲတော် နီပေါ၌ ကျင်းပမည်

ခတ္တမန္ဒူ မတ် ၄

နီပေါနိုင်ငံ၏ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းတိုးမြှင့်ဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် ပဉ္စမအကြိမ်မြောက် နိုင်ငံတကာရိုးရာယဉ်ကျေးမှုပွဲတော်ကို နီပေါနိုင်ငံ၌ မတ်၅ရက်မှ စတင်ကာ ၁၀ရက်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း မတ် ၃ရက်က အမျိုးသားသတင်းဌာန အာရ်ကက်စ်အက်စ်က သတင်းထုတ်ပြန်သည်။

အဆိုပါပွဲတော် ကျင်းပခြင်းသည် ယဉ်ကျေးမှုအပြန်အလှန်ဖလှယ်ရေး၊ နီပေါနိုင်ငံ၏ ယဉ်ကျေးမှုနှင့်ခရီးသွားလုပ်ငန်းတိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ ကမ္ဘာ့နိုင်ငံများ ညီရင်းအစ်ကိုပေါင်းစည်းရေး၊ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း အပြန်အလှန်ဆက်ဆံမှု တိုးမြှင့်ရေးတို့ကို ရည်ရွယ်ကြောင်း ယင်းသတင်း၌ ဖော်ပြသည်။

နီပေါ၌ကျင်းပမည့် နိုင်ငံတကာရိုးရာယဉ်ကျေးမှုပွဲတော်တွင် နိုင်ငံပေါင်း၁၂နိုင်ငံဖြစ်သည့် ပြင်သစ်၊ စပိန်၊ ဘူလ်ဂေးရီးယား၊ လစ်သူယေးနီးယား၊ ပိုလန်၊ နယ်သာလန်၊ ဆလိုဗက်ကီးယား၊ ဆလိုဗေးနီးယား၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ အိန္ဒိယနှင့် နီပေါနိုင်ငံတို့မှ အနုပညာရှင် ၃၅၀ကျော် ပါဝင်ဆင်နွှဲမည်ဖြစ်သည်။ ***အမ်အင်န်အေ၊ဆင်ဟွာ***

ဆော်ဒီသင်္ဘော ဆိုမာလီဓားပြများ ပြန်ပေးဆွဲ

မိုဂါဒစ်ရှူး မတ် ၄

အေဒင်ပင်လယ်ကွေ့တွင် သင်္ဘောသား ၁၄ဦးလိုက်ပါသည့် ဆော်ဒီနိုင်ငံပိုင် သင်္ဘောတစ်စင်းကို ဆိုမာလီဓားပြများက မတ် ၁ရက်၌ ပြန်ပေးဆွဲခဲ့ကြောင်း ကင်ညာရေကြောင်း တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက မတ် ၃ရက်၌ အတည်ပြုပြောကြားသည်။

အဆိုပါသင်္ဘောသည် ဂျပန်နိုင်ငံမှ ဆော်ဒီနိုင်ငံ ဂျီဒက်ချ်မြို့သို့ဦးတည်ခုတ်မောင်းလာခြင်းဖြစ်ပြီး ဂရိတစ်ဦးနှင့်သီရိလင်္ကာ၁၃ဦးတို့ လိုက်ပါလာသည်ဟု အရှေ့အာဖရိကသင်္ဘောသားများ အကူအညီပေးရေး အစီအစဉ်မှ တာဝန်ရှိပုဂ္ဂိုလ် အန်ဒရူးမာဝန်ဂူရာက ပြောကြားသည်။

ပြန်ပေးငွေရရှိမှု မြင့်တက်လာခြင်းသည် ဆိုမာလီပင်လယ်ဓားပြများအား ဓားပြမှုများ ပိုမိုကျူးလွန်စေရန် အားပေးအားမြှောက်သကဲ့သို့ ဖြစ်နေသည်။

အိန္ဒိယသမုဒ္ဒရာအပါအဝင် အေဒင်ပင်လယ်ကွေ့အတွင်း၌ နိုင်ငံခြားရေတပ်များက ၂၀၀၉ ခုနှစ်မှ စတင်ကာ ကင်းလှည့်စောင့်ကြပ်လျက်ရှိသော်လည်း ကုန်သင်္ဘောများ ပြန်ပေးဆွဲခံနေရဆဲပင် ဖြစ်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှု ပါကစ္စတန်ပြည်သူ ၁၂၀၀ သေဆုံး

ဝါရှင်တန် မတ် ၄

လွန်ခဲ့သည့် ခြောက်နှစ်အတွင်း ပါကစ္စတန်နိုင်ငံ၌ အမေရိကန်တို့၏ မောင်းသူမဲ့လေယာဉ် တိုက်ခိုက်မှုကြောင့် လူ ၁၂၀၀ကျော် သေဆုံးခဲ့ရကြောင်း ဝါရှင်တန် အခြေစိုက် ပညာရှင်များအဖွဲ့က ပြောကြားသည်။

ဖော်ပြထား

အမေရိကန်တပ်ဖွဲ့များသည် ၂၀၀၄ ခုနှစ်ကတည်းက စ၍ ပါကစ္စတန်၌ လေကြောင်းတိုက်ခိုက်မှု ၁၁၄ကြိမ်ပြုလုပ်ခဲ့ကြောင်း၊ ထိုတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသူ သုံးပုံတစ်ပုံမှာ ပါကစ္စတန် အရပ်သားများဖြစ်ကြောင်း နယူးအမေရိကန်ဖောင်ဒေးရှင်းက မတ်၂ရက်တွင် ထုတ်ပြန်သည့် အစီရင်ခံစာ၌ ဖော်ပြထားသည်။

ကြေညာ

သို့ရာတွင် ယင်းလေကြောင်းတိုက်ခိုက်မှုများသည် အရပ်သားများကို ထိခိုက်စေလို၍ မဟုတ်ဘဲ စစ်သွေးကြွများအား ရည်ရွယ်တိုက်ခိုက်ခဲ့ခြင်းသာဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ကြေညာသည်။

ပြစ်တင်ရှုတ်ချ

ယင်းတိုက်ခိုက်မှုများနှင့်ပတ်သက်၍ ပါကစ္စတန် အရပ်သားများသာမက အမျိုးသား အစိုးရကပါ ဝိုင်းဝန်းပြစ်တင်ရှုတ်ချထားသည်။ **(အင်တာနက်)**

ဖန်လုံအိမ် သဘာဝဓာတ်ငွေ့ သုတေသနဌာန နယူးဇီလန်၌ဖွင့်

ဝါရှင်တန် မတ် ၄

နယူးဇီလန်အစိုးရသည် မြောက်ပိုင်းကျွန်းရှိ မြောက်ပါမာစတွန်မြို့၌ စိုက်ပျိုးရေးဆိုင်ရာ ဖန်လုံအိမ် သဘာဝဓာတ်ငွေ့ သုတေသနဌာနကို ဖွင့်လှစ်လိုက်ကြောင်း နယူးဇီလန်ဝန်ကြီးချုပ် ဂျွန်ကေးက မတ် ၃ရက်တွင် ပြောကြားသည်။

အဆိုပါဌာနနှင့် စပ်လျဉ်း၍ ၁၀နှစ်အတွက် နယူးဇီလန် ဒေါ်လာသန်း ၅၀ ခန့် (အမေရိကန်ဒေါ်လာ ၃၅ သန်း) ကျခံသုံးစွဲသွားရန် စီစဉ်ထားသည်ဟု သိရသည်။

ယင်းသုတေသနဌာနကို အစိုးရ သုတေသနဌာန လေးခုအပြင် တက္ကသိုလ်နှစ်ခုနှင့် စက်ရုံအလုပ်ရုံနှစ်ရုံတို့ ပူးပေါင်းကာ လုပ်ငန်းလည်ပတ်စေမည် ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အိန္ဒိယနိုင်ငံ ဟိုက်ဒရာဘတ်မြို့၌ လေယာဉ်ငယ်တစ်စင်းဝင်တိုက်၍ ပျက်စီးသွားသော အဆောက်အအုံတစ်ခုကို မတ် ၃ရက်က တွေ့ရစဉ်။ (ယင်းမတော်တဆမှုကြောင့် နှစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့သည်။) **(အင်တာနက်ဓာတ်ပုံ)**

တိုယိုတာကုမ္ပဏီ အကျပ်အတည်း ဂျပန်စီးပွားရေးကို ထိခိုက်နိုင်ဖွယ်ရှိဟုဆို

တိုကျို မတ် ၄

တိုယိုတာမော်တော်ကော်ပိုရေးရှင်း၏ လက်ရှိဖြစ်ပွားနေသော အကျပ်အတည်းကြောင့် ဂျပန်နိုင်ငံ၏စီးပွားရေးကို ထိခိုက်နိုင်ဖွယ်ရှိကြောင်း၊ တိုယိုတာမော်တော်ကော်ပိုရေးရှင်းသည် ကမ္ဘာတစ်ဝန်းရှိ ယင်း၏မော်တော်ကားသန်းပေါင်းများစွာကို ပြန်လည်သိမ်းယူရမည့်အခြေအနေသို့ ဆိုက်ရောက်နေကြောင်းဖြင့် ဂျပန်နိုင်ငံစီးပွားရေး၊ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီး မာဆာယူကီနာအိုရှီမီက မတ်၂ရက်တွင် ပြောကြားသည်။

အနီးကပ်လေ့လာဖို့လို

တိုယိုတာကုမ္ပဏီသည် ရောင်းချထားသည့် ယင်း၏မော်တော်ကား အမြောက်အမြားကြောင့် ဆိုးကျိုးများခံစားနေရသည်ဟု မိမိကြားသိရကြောင်း၊ ယင်းအခြေအနေသည် ဂျပန်နိုင်ငံ၏စီးပွားရေးကို ထိခိုက်ဖွယ်ရှိကြောင်း၊ မိမိတို့အနေဖြင့် အခြေအနေကို အနီးကပ်လေ့လာဖို့လိုကြောင်းဖြင့်လည်း နာအိုရှီမီက ပြောကြားသည်။

ထိခိုက်နိုင်

တိုယိုတာကုမ္ပဏီ၏အကျပ်အတည်းကြောင့် ယင်းကုမ္ပဏီသို့မော်တော်ကားအစိတ်အပိုင်းများပေးပို့နေသော စီးပွားရေးလုပ်ငန်းငယ်များကိုလည်း ထိခိုက်စေနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည်-စုစည်းသည်

အီရန်နျူအစီအစဉ် ဘရာဇီးဆွေးနွေးလို

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်ကို ဘရာဇီးနိုင်ငံက ထောက်ခံထားပြီး အီရန်နှင့်ဆွေးနွေးမှုများပြုလုပ်ရန် စီစဉ်နေကြောင်း ဘရာဇီးနိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး စီလ်ဆိုအာမိုရင်က မတ် ၄ရက်၌ ပြောကြားသည်။

ကမ္ဘာ့အကြီးဆုံး အပျော်စီးသင်္ဘော နယူးဇီလန်ရောက်ရှိ

ကမ္ဘာ့အကြီးဆုံး အပျော်စီးသင်္ဘောတစ်စီးဖြစ်သည့် ကွင်းမေရီ-၂သည် နယူးဇီလန်နိုင်ငံအော့ကလန်မြို့ ဆိပ်ကမ်းသို့ မတ် ၄ရက် နံနက်က ဆိုက်ရောက်လာကြောင်း၊ ခရီးသည် ၂၆၂၀ တင်ဆောင်ထားသည့် ကွင်းမေရီ-၂ သင်္ဘောသည် ကမ္ဘာတစ်ပတ်ရေကြောင်းခရီးစဉ်အတွက် တစ်ထောက်ဆိုက်ကပ် ရပ်နားခြင်းဖြစ်ကြောင်း နယူးဇီလန်ဆိပ်ကမ်းအရာရှိများက ပြောကြားသည်။

တောင်ကိုရီးယား၌ စစ်ရဟတ်ယာဉ်တစ်စင်း ပျက်ကျ

တောင်ကိုရီးယားနိုင်ငံ ဂေါင်ဂျီပြည်နယ် နမ်ယန်မြို့အနီးလယ်ကွက်အတွင်းသို့ တောင်ကိုရီးယား စစ်ရဟတ်ယာဉ်တစ်စင်း မတ် ၄ရက် နံနက်က မတော်မဆဖြစ်ရပ်ကြောင့် ပျက်ကျခဲ့ရာ ရဟတ်ယာဉ်ပေါ်လိုက်ပါလာသူ နှစ်ဦး သေဆုံးခဲ့ကြောင်း တောင်ကိုရီးယား လေတပ်အရာရှိများက ပြောကြားသည်။

ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်း ကျဆင်း

ကမ္ဘာ့ဈေးကွက်တွင် ရေနံဈေးနှုန်းများ ကျဆင်းလျက်ရှိပြီး အမေရိကန်နိုင်ငံ နယူးယောက်မြို့ဈေးကွက်၌ မတ် ၄ရက်ဈေးပိတ်ချိန်တွင် ရေနံတစ်စည်လျှင် အမေရိကန် ဒေါ်လာ ၈၁ဒေါ်လာနှုန်းသာရှိခဲ့ကြောင်း နယူးယောက်မြို့ ရေနံရောင်းသည့် လုပ်ငန်းရှင်များက ပြောကြားသည်။

တရုတ်နိုင်ငံတောင်ပိုင်းကမ်းလွန်၌ ငလျင်လှုပ်

တရုတ်နိုင်ငံတောင်ပိုင်း ကောင်ရှန်ကမ်းလွန်တွင် မတ် ၄ရက် နံနက်က ရစ်ချ်တာစကေး ၆ဒသမ၇ရှိ အင်အားပြင်းငလျင်လှုပ်ခဲ့ကြောင်း၊ ပျက်စီးဆုံးရှုံးမှုနှင့် ဆူနာမီသတိပေးချက်များ ထုတ်ပြန်ခြင်းမရှိကြောင်း တရုတ်မိုးလေဝသအရာရှိများက ပြောကြားသည်။

ဆွီဒင်ဝန်ကြီးချုပ် မော်စကိုသို့ အလည်အပတ်ခရီးသွားရောက်မည်

ဆွီဒင်ဝန်ကြီးချုပ်ဖရီဒရစ်ရမ်းဖီလ်သည် ရုရှားနိုင်ငံသို့ ချစ်ကြည်ရေးအလည်အပတ်ခရီးစဉ်အဖြစ် မတ် ၉ရက်၌ ထွက်ခွာမည်ဖြစ်ကြောင်း၊ ရုရှားသမ္မတမက်ဗီဒက်ဗ်နှင့် နိုင်ငံတကာအရေးကိစ္စရပ်များ ဆွေးနွေးကြမည်ဖြစ်ကြောင်း ရုရှားအရာရှိများက မတ် ၄ရက်၌ ပြောကြားသည်။

အစ္စတန်ဘူလ်၌ ရေခဲပြတိုက် တည်ဆောက်မည်

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့၌ နော်ဝေနိုင်ငံမှ ကုမ္ပဏီတစ်ခုက ရေခဲများဖြင့်ပြုလုပ်ထားသော ပြတိုက်တစ်ခုကို တည်ဆောက်နေကြောင်း၊ ယင်းပြတိုက်ကို ၆၄ရက်ကြာ တည်ဆောက်မည်ဖြစ်ပြီး ရက်ပေါင်း ၃၆၅ရက်ကြာ ဖွင့်လှစ်ပြသမည်ဖြစ်ကြောင်း၊ လာမည့် ဧပြီ၂၃ရက်၌ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း တူရကီအရာရှိများက မတ်၄ရက်၌ပြောကြားသည်။

ဘာစီလိုနာ ဆိပ်ကမ်း၌ လှိုင်းရိုက်ပုတ်မှုကြောင့် နှစ်ဦးသေဆုံး

စပိန်နိုင်ငံ ဘာစီလိုနာဆိပ်ကမ်း၌ အပျော်စီးသင်္ဘောကြီးတစ်စင်းအား အလွန်ကြီးမားသော လှိုင်းများရိုက်ခတ်မှုကြောင့် သင်္ဘောပေါ်မှ နှစ်ဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ သင်္ဘောပြတင်းပေါက်ပျက်စီးခဲ့ကြောင်း ဘာစီလိုနာ ဆိပ်ကမ်းမှ အရာရှိများက မတ် ၄ရက်၌ ပြောကြားသည်။

အနောက်ဂျာဗားပြည်နယ်၌ ငလျင်လှုပ်

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ် မြောက်စုလာဝေစီပြည်နယ်တို့တွင် မတ် ၄ရက် နံနက်က ရစ်ချ်တာစကေး၅ ဒသမ၃နှင့် ရစ်ချ်တာစကေး ၅ဒသမ၂ရှိသော ငလျင်နှစ်ခုလှုပ်သွားကြောင်း၊ အင်ဒိုနီးရှားအရာရှိများက ပြောကြားသည်။

(အပေါ်ပုံ) (အင်တာနက်)

ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည် ခိုင်မာရှင်သန်ရေး ဒေသအာဏာပိုင်များ၊ စေတနာရှင်၊ အလှူရှင်များ၊ ဝန်ထမ်းများ၏အားကိုရယူ လူမှုဘဝ တိုးတက်မြင့်မားရေးနှင့် အသိပညာ အစဉ်လေ့လာ ဆည်းပူးနိုင်ရန်

ပြည်သူအားလုံးက စာကြည့်တိုက်များတွင် အစဉ်မပြတ် စာပေဖတ်ရှုလေ့လာ

နေပြည်တော် မတ် ၄

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မတ် ၃ရက်က စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲမြို့နယ်သို့ သွားရောက်ပြီး ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး ကျေးရွာ စာကြည့်တိုက်များ ထူထောင်ရေးနှင့် ထူထောင်ပြီး စာကြည့်တိုက်များအား သတ်မှတ်စံ (၅)ချက်နှင့်အညီ ရေရှည် ခိုင်မာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုလဲမြို့နယ် ကံကြီးကျေးရွာအုပ်စု ဇီးရင်းကျေးရွာရှိ လောကဓေယျ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွင်း စာပေဖတ်ရှုလေ့လာနေကြသည့် ကျေးလက်ပြည်သူများကို အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

ထောက်ပံ့ပေးအပ်

ရှေးဦးစွာ ဝန်ကြီးသည် ကံကြီးကျေးရွာအုပ်စု ဇီးရင်းကျေးရွာရှိ လောကဓေယျ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ ရောက်ရှိ၍ စာကြည့်တိုက် အဆောက်အအုံနှင့် ပရိဘောဂများ၊ စာအုပ်စာစောင်များနှင့် စာငှားစနစ်ဖြင့် စာအုပ်များ ငှားရမ်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်အတွင်း စာပေဖတ်ရှုလေ့လာနေကြသည့် ကျေးလက်ပြည်သူများအား နှုတ်ဆက်အားပေးကာ ဇီးရင်းကျေးရွာနှင့် ပတ်ဝန်းကျင်ရှိ ကံကြီး၊ ကံသစ်၊ ရွာနောင်၊ မုံသွင်၊ ကြူခြံ၊ ကမ္ဘားရပ်၊ ကျေးသမ္ဘား၊ မင်းမ (အနောက်)၊ ပုထိုးသာ စသည့်ကျေးရွာများရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံများ တိုးမြှင့်ပြုပြင်ရန်အတွက် ငွေနှင့်စာအုပ်၊ စာစောင်များကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဝန်ကြီးသည် ဇန်နဝါရီ ၁၉ရက်က မီးဘေးသင့်ခဲ့သည့် ဇီးရင်းကျေးရွာမှ အိမ်ထောင်စုဝင် ပြည်သူများအား တွေ့ဆုံအားပေးပြီး ငွေနှင့်အဝတ်အထည်များကို ထောက်ပံ့ပေးအပ်ကာ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရန်၊ ရှောင်ရန်အချက်များအပေါ် ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များက ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော် လိုက်နာဆောင်ရွက်ကြရန် မှာကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဝန်ကြီးသည် ငှက်ပျောတောကျေးရွာရှိ ရောင်ခြည်ဦးကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ ရောက်ရှိ၍ အဆောက်အအုံနှင့် ပရိဘောဂများ၊ စာအုပ်၊ စာစောင်အသစ်များ ဖြည့်ဆည်းနိုင်ရေး၊ စာငှားစနစ်ဖြင့် စာအုပ်များ ငှားရမ်းဆောင်ရွက်နေမှု၊ ရေရှည်ခိုင်မာရှင်သန်သော စာကြည့်တိုက်ဖြစ်လာအောင် စီမံဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စာပေဖတ်ရှုလေ့လာနေကြသည့် ကျေးလက်ပြည်သူများကို အားပေးစကားပြောကြားကာ စာအုပ်၊ စာစောင်များနှင့် စာကြည့်တိုက် ငွေပဒေသာပင်အတွက် မတည်ငွေများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဝန်ကြီးသည် စပါးစေ့ ကျေးရွာရှိ ဖူးပွင့်ဝေ စာကြည့်တိုက်သို့ ရောက်ရှိ၍ အဆောက်အအုံနှင့် စာအုပ်၊ စာစောင်များကို ကြည့်ရှုစစ်ဆေးပြီး စာပေဖတ်ရှုလေ့လာနေကြသည့် ကျေးလက်ပြည်သူများကို အားပေးစကားပြောကြားကာ စာအုပ်စာစောင်များနှင့် စာကြည့်တိုက် ငွေပဒေသာပင်အတွက် မတည်အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်ခိုင်မာရှင်သန်နိုင်ရေးအတွက် သတ်မှတ်စံ (၅)ချက်နှင့် ကိုက်ညီသည့် စာကြည့်တိုက်များအဖြစ် ထာဝရ ရပ်တည်နိုင်စေရေးကို ဒေသခံပြည်သူများ၊ တာဝန်ရှိသူများက အဓိကအားစိုက်ပံ့ပိုးပြီး ဒေသအာဏာပိုင်များ၊ စေတနာရှင်၊ အလှူရှင်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အားများကို ရယူပူးပေါင်းကာ ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုဘဝတိုးတက်မြင့်မားရေးနှင့် အသိပညာ၊ နည်းပညာများ အစဉ်လေ့လာဆည်းပူးနိုင်ရန်အတွက် ပြည်သူအားလုံးက စာကြည့်တိုက်များတွင် အစဉ်မပြတ်စာပေဖတ်ရှုလေ့လာကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း ပုလဲမြို့နယ် ငှက်ပျောတောကျေးရွာရှိ ရောင်ခြည်ဦး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် စာအုပ် စာစောင်များ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ဂျက်ကီချန်း၏ ကွန်ဖူးအက်ရှင်ဟာသဇာတ်ကားသစ်ရုံဝင်လာ

အတည်ပေါက်နောက်တဲ့လူ ဆက်လက်ပြသ

ရန်ကုန် မတ် ၄

မင်းမော်ကွန်း၊ ခန့်စည်သူ၊ ပြည့်စုံအောင်၊ ဗေလုဝ၊ အိန္ဒြာကျော်ဇင်၊ တင့်တင့်ထွန်း၊ ခရစ္စတီးနားတို့ ပါဝင်ထားသော **အတည်ပေါက်နောက်တဲ့လူ** ဇာတ်ကားမှာ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ဒုတိယပတ်မြောက် ဆက်လက်ပြသလျက်ရှိသည်။ ကွန်ဖူးမင်းသား ဂျက်ကီချန်းခေါင်းဆောင်ပါဝင်ထားသည့် **The Spy Next Door** ဇာတ်ကားမှာ နေပြည်တော်ရုံတွင် ရုံဝင်လာသည်။ အင်တာနက်ထဲမှ ထိပ်တန်းလျှို့ဝှက်ချက်ဖော်မြူလာတစ်ခုရရှိလိုက်သော ကလေးတစ်ဦးအား အကြမ်းဖက်သမားတစ်ဦးက အကြမ်းဖက်တိုက်ခိုက်လာမှုကို စီအိုင်အေအေးဂျင့် ဂျက်ကီချန်းက ကာကွယ်ခုခံတိုက်ခိုက်ပုံများကို ဇာတ်လမ်းဆင်ရိုက်ကူးထားသော ကွန်ဖူးအက်ရှင်ဟာသဇာတ်မြူးကားဖြစ်သည်။

ရှားလော့ဟုမ်းမဆင်းသေး

ကမ္ဘာကျော်စုံထောက်ကြီး ရှားလော့ဟုမ်း၏ မှုခင်းထောက်လှမ်းရေးဇာတ်ကား **Sherlock Holmes** မှာ ရွှေဆောင်ရုံမှမဆင်းသေးဘဲ ဆက်လက်ပြသနေဆဲဖြစ်သည်။

အိန္ဒိယဇာတ်ကားများ

မြို့မတန်းမြင့်ရုံတွင် **Annai Kalikaambal** ဇာတ်ကားရုံဝင်လာသည်။ တန်ခိုးရှင်မယ်တော်နှင့် ဆင်လိမ္မာလေးတို့၏ မကောင်းသူပယ် ကောင်းသူကယ်ဝါဒကို သရုပ်ဖော်ရိုက်ကူးထားသောဇာတ်ကားဖြစ်သည်။ ဘုရင့်ရုံတွင် **Om Shantion** ဇာတ်ကားပြသနေသည်။ ယင်းဇာတ်ကားတွင် ရှာရွတ်ခန်နှင့် ဒူပီကာပါရာခုန်းတို့ ပါဝင်ထားသည်။ ။ **(မြန်မာ့အလင်း)**

The Spy Next Door ဇာတ်ကားမှ ဂျက်ကီချန်း။

ကသာ-ဗန်းမော်ရထားလမ်းနှင့်အပြိုင် ဧရာဝတီလင်းပိုင်တို့ပျော်စံရာ မြို့ကသာ

သတင်းဆောင်းပါး - တင်ထွေး(သတင်းစဉ်) ➤ ဓာတ်ပုံမှတ်တမ်း - ကိုထွေး ➤ စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင်(မြန်မာ့အလင်း)

နေပြည်တော် မတ် ၄

စစ်ကိုင်းတိုင်း ကသာမြို့သို့ ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁၈ ရက်က ရောက်ရှိခဲ့ရာ ကသာ-မိုးတားကြီး ရထားလမ်းပိုင်းသစ် ဖွင့်ပွဲအခမ်းအနားက ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျင်းပမည်ဖြစ်ရာ နှစ်ရက်ခန့် အချိန်ရနေသည်။ ကသာမြို့သို့ ရောက်တုန်းရောက်ခိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လေ့လာရန်စိတ်ကူးရမိသည်။

ကသာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းအောင်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းပြောကြားစဉ်။
(သတင်းစဉ်)

ဧရာဝတီတည်းခိုရိပ်သာ၌ အထုပ်အပိုးများချပြီးသည်နှင့် ကသာခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ သွားရောက်ပြီး ခရိုင်ဦးစီးမှူး ဦးစီးအရာရှိ ဦးကျော်ဝင်းကိုနှင့်အတူ မော်တော်ဆိုင်ကယ်ဖြင့် ကသာမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ထွက်ခဲ့ကြသည်။ ကသာမြို့နယ်ဥက္ကဋ္ဌ ဦးမင်းအောင်ကို ရုံးခန်း၌ အခန့်သင့်ပင်တွေ့ရသည်။

ရှင်းလင်းပြောကြား

ကသာမြို့နယ်ဥက္ကဋ္ဌက ရထားလမ်းပိုင်းသစ်ဖွင့်ပွဲ၊ ဆေးရုံဖွင့်ပွဲကိစ္စများနှင့် မအားလပ်သည့်ကြားက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို အားတက်သရော ရှင်းလင်းပြောကြားသည်။

မြို့နယ်ဥက္ကဋ္ဌက ''ဒေသရဲ့ အဓိကစီးပွားရေးဖွံ့ဖြိုးမှုက ကြံပဲဖြစ်ပါတယ်။ ဒီနှစ်မှာ ကြံက ပြန်လည်နာလန်ထူလာတယ်လို့ ပြောရမယ်။ လက်ရှိမှာ ကြံပေါက်ဈေးက မြင့်နေတယ်။ ကသာမြို့နယ်မှာ ကြံစိုက်ဧက ၅၀၀၀ကျော်ရှိတယ်။ တည်ဆောက်ရေး လုပ်ငန်းတွေကတော့ အများကြီးပဲ။ ဆေးရုံတွေ၊ ကျောင်းဆောင်သစ်တွေ ဆောက်နေတယ်။ ကသာမြို့ကို ဧရာဝတီမြစ်ရေတိုက်စားမှုက ကာကွယ်နိုင်ဖို့ မြစ်ကမ်းပါးကို ကျောက်ရိုးစီမြေထိန်းနံရံ တည်ဆောက်မှုလည်း ပြီးသွားပြီ။ ကသာ-ဗန်းမော်ရထားလမ်း ပြီးသွားရင်တော့ ကသာမြို့နယ်ဟာ လမ်းပန်းဆက်သွယ်ရေး ကောင်းလာပြီး အများကြီး ဖွံ့ဖြိုးစည်ပင်လာမှာပါ''ဟု ပြောကြားသည်။

ကသာ-ဗန်းမော် ရထားလမ်းနှင့် ကသာ-ဗန်းမော်ကားလမ်းတို့ကို တစ်ပြိုင်တည်း ဖောက်လုပ်လျက်ရှိသကဲ့သို့ ခရိုင်ချင်းဆက်လမ်း အမှတ်(၃)သည်လည်း ကသာမြို့နယ်အတွင်းမှ ဖြတ်သန်းသွားလေသည်။ ကသာ-ဗန်းမော် ကားလမ်းသည် ၉၆မိုင်၊ ကသာ- ဗန်းမော်ရထားလမ်းသည် ၉၈မိုင် ရှည်လျားသည်။ ခရိုင်ချင်းဆက်လမ်း အမှတ်(၃)သည် ကသာမြို့နယ် အစမှ အဆုံးအထိ ၃၇မိုင် ပါဝင်သည်။

မွန်းလွဲပိုင်းတွင် ကသာမြို့နယ်အတွင်းရေးမှူး ဦးဇော်ဦးနှင့်အတူ ကသာမြို့အတွင်း လှည့်လည်ကြည့်ရှု၍ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးဖြစ်ခဲ့သည်။

ကသာခရိုင် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ယူစင်ရွှေဆိုင် မိသားစုက ဆောက်လုပ်လှူဒါန်းသည့် (၂၅)ခုတင်ဆံ့ တိုးချဲ့လူနာဆောင်သစ်ကိုလည်း ကြည့်ရှုလေ့လာဖြစ်သည်။ တိုးချဲ့လူနာဆောင်သစ်မှာ တစ်ထပ်အဆောက်အအုံဖြစ်ပြီး လက်ရာ သေသပ်ကောင်းမွန်ပြီး ဒီဇိုင်းပုံစံက ခေတ်မီလှပသည်။

စိတ်ကူးရ

အလှူရှင် ဒေါ်စန်းပွင့်နှင့်တွေ့ဆုံခိုက် ဆေးရုံတည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ မေးမြန်းကြည့်ရာ ဒေါ်စန်းပွင့်က ''ကသာမြို့မှာ ကြီးကြီးမားမား အမှတ်တရတစ်ခုဖြစ်စေချင်တဲ့စိတ်နဲ့ အခုလို လှူဒါန်းဖို့ စိတ်ကူးရခဲ့တာပါ။ ကိုယ့်မွေးရပ်ဇာတိကို ပြန်လည် ကျေးဇူးဆပ်တဲ့အနေနဲ့ ဆေးရုံဆောက်ပြီး လှူဒါန်းခဲ့တာပါ။ ဒေသခံပြည်သူတွေ ကျန်းမာရေးအတွက် အထောက်အကူ ဖြစ်စေချင်တာလည်းပါတယ်။ ဆေးရုံအဆောင်သစ်ကြီး ပြီးစီးသွားတာကို မြင်ရတော့ ဖော်မပြနိုင်လောက်အောင် ဝမ်းသာပီတိဖြစ်ရတယ်။ နှစ်ရာနဲ့ချီပြီး ခံနိုင်တဲ့အဆောက်အအုံမျိုးဖြစ်အောင် သိန်း၅၀၀ ကျော်လောက် အကုန်အကျခံ ဆောက်လုပ်ထားပါတယ်'' ဟု ပြောကြားသည်။

ကသာမြို့ ကမ်းနားလမ်းတစ်လျှောက် ဧရာဝတီမြစ်ရေတိုက်စားမှုမှ ကာကွယ်နိုင်ရန် ကျောက်ရိုးစီမြေထိန်းနံရံ တည်ဆောက်ပြီးစီးသွားပြီဖြစ်၍ လမ်းသား တိုးချဲ့ခြင်းနှင့် ကမ်းနားလမ်း သာယာလှပရေးအတွက် စက်ယန္တရားကြီးဖြင့် ဆောင်ရွက်နေမှုကိုလည်း ကြည့်ရှုလေ့လာဖြစ်သည်။

မြေထိန်းနံရံတည်ဆောက်

ဧရာဝတီမြစ်ကမ်းပါး ကျောက်ရိုးစီမြေထိန်းနံရံကို ၂၀၀၉ ခုနှစ် မေ ၂၁ရက်တွင် စတင်တည်ဆောက်ခဲ့ရာ ဖေဖော်ဝါရီ ၁၈ရက်က ပြီးစီးခဲ့ပြီဖြစ်သည်။ မြေထိန်းနံရံ တည်ဆောက်ပြီးစီးသွား၍ ကမ်းနားလမ်းကို ၁၆ပေ ထပ်မံတိုးချဲ့လျက်ရှိသည်။ မြေထိန်းနံရံသည် အလျားပေ ၇၈၀၊ အမြင့် ၁၁ပေဖြစ်ပြီး စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဒေသခံပြည်သူတို့၏ ထည့်ဝင်ငွေ စုစုပေါင်း ငွေကျပ် သိန်း၅၉၀ကျော် အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တိုက်နယ်ဆေးရုံ

ဖေဖော်ဝါရီ ၂၀ရက် နံနက်ပိုင်းက ကသာခရိုင် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ယူစင်ရွှေဆိုင်မိသားစုက ဆောက်လုပ်လှူဒါန်းသည့် လူနာ (၂၅) ခုတင်ဆံ့ တိုးချဲ့ဆောင်သစ် ဖွင့်ပွဲကိုလည်းကောင်း၊ ကသာ(မြောက်)ဘူတာ၌ ကသာ-မိုးတားကြီး ရထားလမ်းပိုင်းသစ် ဖွင့်ပွဲကိုလည်းကောင်း၊ မိုးတားကြီးကျေးရွာ၌ စံ(၅)ချက်နှင့်ညီသော ကျေးရွာစာကြည့်တိုက် ဖွင့်ပွဲကိုလည်းကောင်း၊ မိုးတားလေးစံပြကျေးရွာ၌ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံဖွင့်ပွဲကိုလည်းကောင်း တစ်ဆက်တည်း ကျင်းပခဲ့လေသည်။

ကသာမြို့နှင့် မိုးတားကြီး ၁၆မိုင်၊ ကသာမြို့နှင့် မိုးတားလေး ၁၈မိုင် ကွာဝေးသည်။ ကသာမြို့နယ်၌ 'ငါးချဉ်'လုပ်ငန်းများ လုပ်ကိုင်ကြရာ မိုးတားလေးကျေးရွာမှ ငါးချဉ်သည် အရသာအကောင်းဆုံးဟု နာမည်ကျော်သည်။ မိုးတားလေး စံပြကျေးရွာမှ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံသည် အလျား ၁၁၂ပေ၊ အနံ ၆၄ပေ၊ အမြင့် ၁၆ ဒသမ ၆ပေ၊ သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး ဒေသခံပြည်သူ ၃၀၀၀၀ကျော် အတွက် ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်မည်ဖြစ်သည်။

မိုးတားကြီးကျေးရွာမှ တွဲဖက်အခြေခံပညာအထက်တန်းကျောင်း၌ နှစ်ထပ်ကျောင်းဆောင်သစ်ကို လည်းကောင်း၊ မိုးတားလေးစံပြကျေးရွာမှ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ တစ်ထပ်ကျောင်းဆောင်သစ်ကိုလည်းကောင်း တည်ဆောက်လျက်ရှိရာ မကြာမီ ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ ကသာ-မိုးတားကြီး ရထားလမ်းပိုင်း ဖွင့်လှစ်နိုင်ခြင်းသည် မိုးတားကြီးကျေးရွာနှင့် မိုးတားလေး စံပြကျေးရွာတို့အတွက် အများဆုံး အကျိုးခံစားကြရမည်ဖြစ်သည်။

ထိစပ်လျက်ရှိ

ကသာမြို့နယ်သည် စစ်ကိုင်းတိုင်း မြောက်ပိုင်း ကသာခရိုင်အတွင်း ပါဝင်ပြီး ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းတွင် တည်ရှိသည်။ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၃၁၃ပေတွင် တည်ရှိပြီး အရှေ့ဘက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မဘိမ်းမြို့နယ်နှင့် ကချင်ပြည်နယ် ရွှေကူမြို့နယ်၊ အနောက်ဘက်တွင် စစ်ကိုင်းတိုင်း အင်းတော်မြို့နယ်၊ တောင်ဘက်တွင် ထီးချိုင့်မြို့နယ်၊ မြောက်ဘက်တွင် ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။

ကသာမြို့နယ်သည် အရှေ့နှင့်အနောက် ၂၇မိုင်၊ တောင်နှင့် မြောက် ၇၄မိုင် ဧရိယာစတုရန်းမိုင်ပေါင်း ၈၆၅ ဒသမ ၆၈မိုင် ကျယ်ဝန်းသည်။ ဧရာဝတီမြစ်နှင့် ရွှေလီမြစ်ဘေးတစ်လျှောက်တွင် တည်ရှိပြီး အရှေ့ပိုင်းနှင့် တောင်ပိုင်းတွင် ရေလွှမ်းလွင်ပြင်နှင့် သစ်တောများရှိပြီး မြောက်ပိုင်းနှင့် အနောက်ပိုင်းတွင် တောင်တန်းနှင့် သစ်တောများရှိသည်။

သစ်တောများထူထပ်

ကသာမြို့နယ်သည် နွေးသမပိုင်းဇုန်တွင် ကျရောက်၍ စွတ်စိုသော ရာသီဥတုရှိရာ သစ်တောများ ထူထပ်စွာပေါက်ရောက်သည်။ ကျွန်း၊ ပျဉ်းကတိုး၊ အင်ကြင်း၊ ပိတောက်တို့ကဲ့သို့သော အဖိုးတန်သစ်ပင်များ ပေါက်ရောက်၍ ရှေးယခင်ကပင် သစ်ထုတ်လုပ်ရေးလုပ်ငန်းများ ရှိခဲ့သည်။ နှစ်စဉ် မိုးရေချိန်ပျမ်းမျှ ၅၉ ဒသမ ၇၁ လက်မ ရွာသွန်းပြီး အမြင့်ဆုံး (မေလ) အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်၊ အနိမ့်ဆုံး (ဇန်နဝါရီလ) အပူချိန် ၅ဒီဂရီစင်တီဂရိတ် ဖြစ်သည်။

ကသာခရိုင် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ယူစင်ရွှေဆိုင် မိသားစုက ဆောက်လုပ်လှူဒါန်းသည့် (၂၅)ခုတင်ဆံ့ တိုးချဲ့လူနာဆောင်သစ် အဆောက်အအုံကို တွေ့ရစဉ်။
(သတင်းစဉ်)

ကသာမြို့နယ်၏ အဓိကသီးနှံမှာ မိုးစပါးနှင့် မြေပဲဖြစ်ပြီး ပဲမျိုးစုံ၊ ကြံ၊ ဆီထွက်သီးနှံ၊ ဝါ၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် နှစ်ရှည်ပင်များကို စိုက်ပျိုးကြသည်။ ဒေသဖွံ့ဖြိုးရေးဆည်များ တည်ဆောက်ထား၍ နွေစပါးကို နှစ်စဉ် စိုက်ပျိုးလျက်ရှိရာ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်တွင် နွေစပါးဧက ၈၂၀၀ စိုက်ပျိုးမည်ဖြစ်သည်။ ကသာမြို့နယ်၏ မြေအသုံးချမှုမှာ စိုက်ပျိုးမြေဧရိယာ ၁၁၈၁၃၉ ဧက၊ အသားတင်စိုက်ပျိုးမြေဧရိယာ ၁၁၂၄၅၆ဧက၊ ကြိုးဝိုင်းကြိုးပြင်ကာကွယ်တော ၂၃၁၅၅၁ဧက ဖြစ်သည်။

နေထိုင်

ကသာမြို့နယ်ကို ရပ်ကွက် ၁၀ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၂အုပ်စု၊ ကျေးရွာ ၁၃၆ရွာဖြင့် ဖွဲ့စည်းထားပြီး လူဦးရေစုစုပေါင်း(၁၉-၁-၂၀၁၀စာရင်းအရ)၁၄၈၈၉၀ နေထိုင်ကြသည်။ ကသာမြို့နယ်၏ ဝမ်းစာဖူလုံမှု ၁၁၁ ရာခိုင်နှုန်း၊ ဆီဖူလုံမှု ၅၅၆ ရာခိုင်နှုန်း ဖြစ်သည်။

ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့၊ ရွာများ အမြန်ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရမည်ဟူသော ရည်မှန်းချက်နှင့်အညီ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ အချိုးညီညီ ဖွံ့ဖြိုးစည်ပင်လာစေရန် စီမံချက်ချမှတ်၍ ဆောင်ရွက်လျက်ရှိသည်။ စည်ပင်သာယာရေးဦးစီးဌာန၏ ရေပေးရေး ၁၀ နှစ် စီမံကိန်းအရ ၂၀၀၉-၂၀၁၀၌ ကျေးလက်ဒေသတိုင်း သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိကြရာ ကသာခရိုင်အတွင်း၌ ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်တွင် သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

(၂၅)ခုတင်ဆံ့ တိုးချဲ့လူနာဆောင်သစ် အလှူရှင် ကသာမြို့ ယူစင်ရွှေဆိုင် မိသားစုမှ ဒေါ်စန်းပွင့်က လှူဒါန်းရခြင်း အကြောင်းကို ပြောကြားစဉ်။
(သတင်းစဉ်)

စောစီးစွာပြီးစီး

ကသာခရိုင် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းထွန်းက ''ကသာမြို့နယ်ဟာ ခြောက်သွေ့ဇုန် (Dry Zone)မှာ ပါဝင်ပေမယ့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့နဲ့ ထိစပ်နေတဲ့အတွက် ကျေးလက်ဒေသ ရေတွင်းတူးခြင်း လုပ်ငန်းဟာ စောစီးစွာ ပြီးစီးခဲ့ပါတယ်။ မြို့ရေပေးမှုကို နှစ်စဉ် တိုးချဲ့ရေပေးနိုင်ဖို့ စီမံချက်ရေးဆွဲပြီး နှစ်အလိုက် ဆောင်ရွက်လျက်ရှိရာ ၂၀၁၂- ၂၀၁၃မှာ ပြီးစီးအောင် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ကသာခရိုင်လုံးကျွတ် သန့်ရှင်းတဲ့ သောက်သုံးရေရရှိရေးစီမံချက်ကို သတ်မှတ်ကာလထက်စောပြီး ဆောင်ရွက်နိုင်ခဲ့ပါတယ်'' ဟု ရှင်းလင်းပြောကြားသည်။

ကသာမြို့နယ်အတွင်း မြို့ပြလမ်း၊ တံတားနှင့် ကျေးလက်လမ်း၊ တံတားများ ဆောင်ရွက်ပေးခဲ့ရာ မြို့ပြလမ်းအနေဖြင့် ကတ္တရာလမ်း ၃၅လမ်း ခြောက်မိုင် ငါးဖာလုံ၊ ကျောက်ခင်းလမ်း ၁၉လမ်း သုံးမိုင် ငါးဖာလုံ၊ မြို့ပြတံတားအနေဖြင့် ကွန်ကရစ်တံတား ၁၂စင်း၊ သစ်သားတံတား ၁၃စင်း၊ ကျေးလက်လမ်းအနေဖြင့် ကတ္တရာလမ်း နှစ်လမ်း တစ်မိုင်၊ ကျောက်ခင်းလမ်း ခုနစ်လမ်း ငါးမိုင် ခြောက်ဖာလုံ၊ ဂဝံလမ်း ခြောက်လမ်း ၃၄မိုင် နှစ်ဖာလုံ၊ မြေသားလမ်း ခုနစ်လမ်း ၁၄မိုင် သုံးဖာလုံ၊ ကျေးလက်တံတားအနေဖြင့် ကွန်ကရစ်တံတား တစ်စင်း၊ သစ်သားတံတား ၃၅စင်းတို့ ဖြစ်သည်။

ဖွင့်လှစ်သင်ကြား

ကသာမြို့နယ်တွင် ပညာရေးကဏ္ဍအနေဖြင့် အခြေခံပညာ အထက်တန်းကျောင်း သုံးကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်းခွဲ နှစ်ကျောင်း၊ တွဲဖက် အခြေခံပညာ အထက်တန်းကျောင်း နှစ်ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း ခုနစ်ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်းခွဲ ၁၀ကျောင်း၊ အခြေခံပညာ မူလတန်းလွန်ကျောင်း ၄၅ကျောင်း၊ အခြေခံပညာ မူလတန်းကျောင်း ၄၆ ကျောင်း၊ အခြေခံပညာ မူလတန်းကျောင်းခွဲ လေးကျောင်း၊ တွဲဖက်အခြေခံပညာ မူလတန်းကျောင်း ရှစ်ကျောင်း ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည်။

ကသာမြို့နယ်တွင် ကျန်းမာရေးကဏ္ဍအနေဖြင့် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ တစ်ရုံ၊ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တစ်ရုံ၊ မိခင်နှင့် ကလေးကျန်းမာရေးဌာန တစ်ခု၊ ကျောင်းကျန်းမာရေးဌာန တစ်ခု၊ ငှက်ဖျားရောဂါ တိုက်ဖျက်ရေးဌာန တစ်ခု၊ တီဘီရောဂါ တိုက်ဖျက်ရေးဌာန တစ်ခု၊ အနာကြီးရောဂါတိုက်ဖျက်ရေးဌာန တစ်ခု၊ မြို့မကျန်းမာရေးဌာန ငါးခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၀ ဖွင့်လှစ်၍ ကျန်းမာရေး စောင့်ရှောက်မှုပေးလျက် ရှိသည်။

အဓိကအားထား

ကသာမြို့သည် ယခင်ခေတ်ကာလတစ်လျှောက်လုံး၌ ရေလမ်းကိုသာ အဓိကအားပြု သွားလာခဲ့ရသည်။ ကသာ-မန္တလေး သင်္ဘောခရီးစဉ်မှာ နွေရာသီ ရေကြောင်းကျပ်ချိန်၌ နှစ်ည၊ သုံးညအိပ်ကြာတတ်သည်။ အမြန်လိုသော ခရီးသည်အများစုမှာ နဘားမှတစ်ဆင့် မန္တလေးသို့ ရထားဖြင့် သွားကြသည်။ သင်္ဘောခရီးကို ကုန်စည်ပို့ဆောင်မှုအတွက် အဓိကအားထား အသုံးပြုကြသည်။

ယခုအခါ ကသာ-မိုးတားကြီး ရထားလမ်းပိုင်းသစ် ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ရာ ရထားလမ်းတစ်လျှောက်ရှိ ကျေးရွာများ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာပြီဖြစ်သည်။ မကြာမီကာလတွင် ကသာမြို့မှ ဗန်းမော်မြို့အထိ ရထားဖြင့် တိုက်ရိုက်သွားနိုင်တော့မည်ဖြစ်ရာ ဗန်းမော်မြို့မှ ကုန်ပစ္စည်းများကို စရိတ်စကသက်သာစွာဖြင့် သယ်ယူနိုင်၍ ကုန်ဈေးနှုန်း ကျဆင်းလာမည်ဟု ဒေသခံများက တွက်ဆနေကြသည်။

ကသာမြို့ ကမ်းနားလမ်းသည် အလွန်သာယာရှုမောဖွယ်ကောင်းပြီး နံနက်နေထွက်ချိန်နှင့် ညနေ နေဝင်ချိန်များတွင် အလှဆုံးဖြစ်လေသည်။

ဧရာဝတီမြစ်ဆိပ်၌ ရေချိုးဆင်း၍ အဝတ်လျှော်ကြသူများသည် လည်းကောင်း၊ ဧရာဝတီမြစ်တစ်ဖက်ကမ်း သောင်ခုံအနီး ရေပေါ် ခုန်ပျံပျော်မြူးလျက်ရှိသော ဧရာဝတီလင်းပိုင်များသည် လည်းကောင်း၊ အောက်အရပ်သို့ စုန်ဆင်းသွားသော ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးမှ သင်္ဘောကြီးသည်လည်းကောင်း၊ အရသာရှိ၍ ခံတွင်းမြိန်စေသော နာမည်ကျော် မိုးတားလေး ''ငါးချဉ်'' သည်လည်းကောင်း၊ ဟင်းချက်လက်ရာ ကောင်းလှသော ရန်ကုန်မြင့်မြင့် ထမင်းဆိုင်ကလေးသည်လည်းကောင်း ကသာမြို့ကလေးသို့ နောက်တစ်ခေါက် လာချင်အောင် ဆွဲဆောင်လျက်ရှိပါတော့သည်။ ။

(သတင်းစဉ်)

ကသာမြို့ ကမ်းနားလမ်းကို ၁၆ပေ ရရှိသည်အထိ လမ်းသားတိုးချဲ့ခြင်းနှင့် ကမ်းနားလမ်း သာယာလှပရေးအတွက် စက်ယန္တရားကြီးဖြင့် ဆောင်ရွက်နေမှုကို တွေ့ရစဉ်။
(သတင်းစဉ်)

● ရှေ့ဖုံးမှ

တိုးချဲ့

မြေမျက်နှာပြင် အနိမ့်အမြင့်များကြောင့် အလှကြွယ်နေသော မြို့မြင်ကွင်းကို အပေါ်စီးမှ မြင်တွေ့ရသည်။ ယခင်က တောင်ကြီးမြို့သည် ရပ်ကွက်ပေါင်း ၁၀ရပ်ကွက်မျှသာ ရှိခဲ့သော်လည်း ယခုအခါ ရပ်ကွက် ပေါင်း ၂၀ကျော်အထိ တိုးချဲ့ကျယ်ပြန့် လာခဲ့ပေပြီ။

စာကြည့်တိုက်

တောင်ကြီးမြို့လယ်တွင် ယဉ်ကျေးမှု ပြတိုက်နှင့် ယဉ်ကျေးမှု စာကြည့်တိုက် အဆောက်အအုံကို တွေ့မြင်ရသည်။ ခံ့ထည်စွာ တည်ဆောက်ထားသော နှစ်ထပ် အဆောက်အအုံဖြစ်ပြီး ယဉ်ကျေးမှုပြတိုက်ရှေ့တွင် ချယ်ရီပင်များကို စီတန်းစွာစိုက်ပျိုးထားသည်။ ချယ်ရီပန်းများက ဝေဆာစွာ ဖူးပွင့်လန်းဆန်းနေကြသည်။ ယဉ်ကျေးမှု ပြတိုက်နှင့် အိမ်တော် လမ်းတစ်ဖက် တစ်ချက်တွင် ကျားခေါင်းခန်းမကြီးကို



မြင်တွေ့ရသည်။ ကျားခေါင်းခန်းမကား ကြီးမားကျယ်ဝန်းသည့် တစ်ထပ်အဆောက်အအုံဖြစ်ပြီး အခမ်းအနားများကျင်းပသည့် နေရာလည်းဖြစ်သည်။

လမ်းများ

တောင်ကြီးမြို့၏ အဓိကလမ်းမကြီးများကို ကတ္တရာအပြည့်ခင်းထားပြီး လမ်းအလယ်ပန်းခုံများ၊ လမ်းဘေးဝဲယာ၌ ကျယ်ဝန်းစွာ ပြုလုပ်ပေးထားသော ပလက်ဖောင်းများ၊ ချယ်ရီပင်များကြောင့် အေးစိမ့်သော ရာသီဥတုကို ခံစားရင်း လမ်းလျှောက်ရသည်မှာ စိတ်လက် လန်းဆန်းစရာပင်။

မြို့တော်ခန်းမ

တောင်ကြီးမြို့ ရုံးကြီးလမ်းတွင် မြို့တော်ခန်းမကြီးကို ဒီဇိုင်းပုံစံ လှပစွာ တည်ဆောက်ထားသည်။ တောင်ကြီးမြို့၏ ကျက်သရေဆောင် အဆောက်အအုံဖြစ်ပြီး အခမ်းအနားများ၊ ဟောပြောပွဲများ ကျင်းပသည့် နေရာဖြစ်သည်။ စည်ပင်သာယာရေးမှ သန့်ရှင်းရေးဝန်ထမ်းများက နေ့စဉ် သန့်ရှင်းရေး ပြုလုပ်ကြသဖြင့် မြို့တွင်းလမ်းများအားလုံး သန့်ရှင်းလျက်ရှိနေသည်မှာ ထူးခြားသည်။ တောင်ကြီးမြို့လမ်းတိုင်းတွင် သန့်ရှင်းသပ်ရပ်မှုကို ကြိုးစားဆောင်ရွက်ထားသည်မှာ မချီးကျူးဘဲ မနေနိုင်။

တောင်ကြီးမြို့အဝင် ကြိုဆိုရေးဆိုင်းဘုတ်ကြီးက သတင်းခရီးသည်တို့အား ဤသို့ လှိုက်လှဲပျူငှာစွာ ကြိုဆိုနေသည်။ (မြန်မာ့အလင်း)

မြို့မဈေး

တောင်ကြီးမြို့သို့ရောက်လျှင် မသွားမဖြစ် အရောက်သွားကြသည့် နေရာကား မြို့မဈေးပင် ဖြစ်သည်။ ပစ္စည်းမျိုးစုံရောင်းချသလို ရှမ်း၊ ပအိုဝ်း စသည့် တိုင်းရင်းသားတို့ကလည်း ရိုးရာဝတ်စုံကိုယ်စီဖြင့် ဈေးဝယ် သွားလာနေကြသည်မှာ အမြင်ဆန်းလှသည်။

ငါးရက်ဈေး

ရိုးရာဝတ်စုံများကို ဝတ်ဆင်ကာ ဒေသထွက် စိုက်ပျိုးထွက်ကုန်များကို လာရောက်ရောင်းချမှု အများဆုံးမှာ တောင်ကြီးမြို့၌ ငါးရက်ဈေးနေ့ပင်ဖြစ်သည်။ တောင်ကြီးမြို့ပေါ်ရှိ ဈေးများတွင် ငါးရက်ဈေးနေ့မှာ ဈေးရောင်း ဈေးဝယ်များဖြင့် အစည်ကားဆုံး၊ ဒေသထွက်ကုန်မျိုးစုံကို ပေါများစွာလာရောက်မှု အများဆုံးတွေ့မြင်ရသည်။ ဦးထုပ်များ၊ ခေါင်းပေါင်းများ၊ ရိုးရာဝတ်စုံများ၊ အနွေးထည်များ ဝတ်ဆင်ကာ သွားလာလှုပ်ရှားနေကြသည့် တိုင်းရင်းသားများ၏ ရောင်းဝယ်ဖောက်ကားနေမှု မြင်ကွင်းကား တည်ငြိမ်အေးချမ်းမှု၏ ပြယုဂ်ပင်ဖြစ်ပါ၏။

ကျားခေါင်းခန်းမ

တောင်ကြီး မြို့ဂုဏ်ဒြပ်ကို တိုးမြှင့်ပေးနေသည့် ကျားခေါင်းခန်းမကို ဤသို့ တွေ့မြင်ရသည်မှာ....။ (မြန်မာ့အလင်း)

အဓိကလမ်းမကြီး

တောင်ကြီးမြို့တွင် ဗိုလ်ချုပ်လမ်း၊ ရုံးကြီးလမ်း၊ အရှေ့မြို့ပတ်လမ်းနှင့် အနောက် မြို့ပတ်လမ်းများမှာ တောင်ကြီးမြို့၏ အဓိကလမ်းမကြီးများဖြစ်သည်။ လမ်းမကြီးတိုင်းတွင် အဆင့်မြင့်ပြီး သပ်ရပ်လှသည့် တိုက်တာနေအိမ်များက အပြည့်နေရာယူထားသည်။ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် တောင်ကြီးမြို့နေရာတိုင်းတွင် တိုက်တာအဆောက်အအုံများက ရှုမဆုံးလောက်အောင်ပင်။

တောင်ကြီးမြို့တော်ခန်းမ

တောင်ကြီးမြို့၏ ကျက်သရေဆောင် တောင်ကြီးမြို့တော်ခန်းမကို ဤသို့ ခံ့ထည်စွာ မြင်တွေ့ရသည်။ (မြန်မာ့အလင်း)

တောင်ကြီးမြို့ ဂုဏ်ဒြပ်ကို ပညာရေးကဏ္ဍမှ တိုးမြှင့်ပေးနေမှုအဖြစ် တောင်ကြီးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်များကလည်း ဒေသခံတိုင်းရင်းသား ညီငယ်၊ ညီမငယ်များအတွက် လွယ်ကူစွာ ပညာသင်ကြားနိုင်အောင် အသင့်တည်ရှိနေကြသည်။ အနာဂတ် နိုင်ငံတော်အတွက် ပညာရည်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များကို ဤတက္ကသိုလ်များက တတ်စွမ်းသမျှ မွေးထုတ်ပေးလျက်ရှိနေသည်။

တည်ငြိမ်အေးချမ်းမှုကြောင့် တိုးတက်မှု လျှင်မြန်လာသော ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ကား တစ်ခေါက်လာ တစ်ခါ ဆန်းနေသည့် ပင်လယ်ရေမျက်နှာပြင်မှ အမြင့် ၄၇၁၂ ပေ၌ တည်ရှိလျက် ဖွံ့ဖြိုးမှုအဝေဝဖြင့် ဝေစည်နေသော တောင်ပေါ်မြို့အဖြစ် သတင်းခရီးတစ်ထောက် မြင်တွေ့ခဲ့ရပါကြောင်း။ ။

(မြန်မာ့အလင်း)

ရန်ကုန်-မော်လမြိုင် ရွှေမြိုင်သူယာဉ်လိုင်းသစ်ဖွင့်ပွဲ ကျင်းပ

ရန်ကုန် မတ် ၄

မွန်ပြည်နယ် မော်လမြိုင်သို့ ရန်ကုန်မှပြေးဆွဲမည့် ရွှေမြိုင်သူယာဉ်လိုင်းသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၁ရက် နံနက် ၈နာရီက မော်လမြိုင်မြို့ မြေနီကုန်း အဝေးပြေးကားဝင်း၌ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းဝင်း၊ ဒေသခံတပ်နယ်မှ ဗိုလ်မှူးကြီးခင်မောင်ထွန်း၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ် ဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ယာဉ်လိုင်းများမှ တာဝန်ခံများနှင့် ဇမ္ဗူလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖွင့်လှစ်ပေး

ဖွင့်ပွဲအခမ်းအနားတွင် ဇမ္ဗူလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း)က ယာဉ်လိုင်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပြည်နယ်အတွင်းရေးမှူး ဦးသန်းဝင်း၊ ဒေသခံတပ်နယ်မှ ဗိုလ်မှူးကြီး ခင်မောင်ထွန်းနှင့် ရွှေမန်းသူအဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း ဒါရိုက်တာ ဒုတိယဗိုလ်မှူးကြီးစိန်မောင်(ငြိမ်း)တို့က ယာဉ်လိုင်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြေးဆွဲမည့် အဆင့်မြင့်အဲယားကွန်းလေအိတ်ကားကြီးများကို တာဝန်ရှိသူများက အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

(၁၀)နှစ်ပြည့်

ယခုဖွင့်လှစ်သော ယာဉ်လိုင်းသည် ဇမ္ဗူလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက် ရွှေမန်းသူအဝေးပြေးခရီးသည် ပို့ဆောင်ရေးလုပ်ငန်း၏ (၁၀)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဖွင့်လှစ်သော ၁၄လိုင်းမြောက်ယာဉ်လိုင်းဖြစ်သည်။ ၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီလမှ စတင်၍ ရန်ကုန်မြို့မှ မန္တလေး၊ မုံရွာ၊ နေပြည်တော်၊ တောင်ငူ၊ ကျောက်ပန်းတောင်း၊ ချောက်၊ မြင်းခြံ၊ မကွေး၊ ပုဂံ/ညောင်ဦး၊ ကေတုမတီ၊ ပခုက္ကူယာဉ်လိုင်းများကို ရွှေမန်းသူအမည်ဖြင့်လည်းကောင်း၊ တောင်ကြီးကို ရှမ်းမလေး၊ ပုသိမ်ကို ပုသိမ်သူအမည်များဖြင့်လည်းကောင်း ပြေးဆွဲခဲ့ပြီး ရန်ကုန်-မော်လမြိုင်ကို ရွှေမြိုင်သူအမည်ဖြင့် လိုင်းသစ်ပြေးဆွဲခြင်းဖြစ်သည်။ ဖွင့်ပွဲနေ့၌ စီးနင်းသော ခရီးသည်အားလုံးကို ရေသန့်နှင့် စနိုးတာဝါများအပြင် ဖွင့်ပွဲအထိမ်းအမှတ် မျက်နှာသုတ်တဘက်များ လက်ဆောင်ပေးခဲ့ကြောင်းနှင့် နေပြည်တော်- မော်လမြိုင်ခရီးစဉ်ကိုလည်း ဇမ္ဗူလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်မှ ပြေးဆွဲရန် အစီအစဉ်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇမ္ဗူလ သယ်ယူပို့ဆောင်ရေး ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်မှူးကြီး မျိုးမြင့်(ငြိမ်း)က ရန်ကုန်မြို့မှ မော်လမြိုင်မြို့သို့ ပြေးဆွဲမည့် "ရွှေမြိုင်သူ" ယာဉ်လိုင်းသစ် ဖွင့်ပွဲတွင် ယာဉ်လိုင်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

အထက(၄) တာမွေ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၄

အထက(၄) တာမွေတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး အသက် (၆၀)ပြည့် ဆရာမကြီးများအား မေ ၁ရက် (အလုပ်သမားနေ့) စနေနေ့ နံနက် ၉နာရီတွင် အထက(၄) တာမွေ မြတ်ပန်းသဇင်ခန်းမ၌ ပူဇော်ပွဲကျင်းပမည်ဖြစ်သည်။ ကန်တော့ခံဆရာမကြီးများနှင့် ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဒေါ်မြင့်မြင့်စီ (ကျောင်းအုပ်ကြီး) ဖုန်း-၅၄၅၆၉၉၊ ၅၄၆၂၉၄၁၊ ဒေါ်ခင်အေးမော် ဖုန်း-၅၅၆၉၆၁၊ ဒေါ်သူဇာ ဖုန်း-၀၉-၅၀-၂၆၁၁၁၊ ဒေါ်မိုးသိင်္ဂီမြင့်အောင် ဖုန်း-၅၄၈၂၁၀၊ ၅၄၄၂၈၉၊ ဒေါ်ခိုင်မိုးဝင်း ဖုန်း-၅၅၆၈၇၄၊ ဒေါ်မြင့်မြင့်သန်း ဖုန်း-၅၄၀၄၅၆၊ ဒေါ်သီတာဝင်း ဖုန်း-၅၅၂၁၉၆၁နှင့် ဒေါ်အေးအေးအောင် ဖုန်း-၀၉-၅၀-၇၈၄၉၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ အကြိုညှိနှိုင်းအစည်းအဝေးကို မတ် ၂၁ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် အထက(၄)တာမွေ၌ ကျင်းပမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

✻ ကျောက်ဖြူမှ

မြို့ရေပေးဝေရေးပိုက်လိုင်း သွယ်တန်းထားရှိမှု၊ မြို့တွင်းလမ်းများ ကောင်းမွန်မှုနှင့် မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုတို့ကို မော်တော်ယာဉ်ဖြင့်လည်းကောင်း၊ ရွှေဘိုမြို့အထွက်ရှိ လယ်မြေများအား နွေစပါးစိုက်ပျိုးရန် ရေသွင်းထားရှိမှုတို့ကို မော်တော်ယာဉ်ဖြင့် လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ရွှေဘို-အုန်းတောလမ်းမိုင်တိုင်အမှတ်(၅၂/၄)ရှိ လမ်းလုပ်ငန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားကာ လုပ်ငန်းဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ လမ်းပိုင်းအခြေအနေများကို မော်တော်ယာဉ်ဖြင့်လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး မျက်စိစမ်းသပ်ကုသရန် ရောက်ရှိနေကြသည့် အရာတော်မြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)

ပေါင်းစပ်ညှိနှိုင်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် အရာတော်မြို့သို့ ရောက်ရှိရာ ဆောက်လုပ်ရေးရိပ်သာ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များကို မှာကြားကာ ဒေသခံ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မျက်စိဝေဒနာရှင်များအား မျက်စိအထူးကု ဆရာဝန်ကြီးများက မျက်စိ စမ်းသပ်ပေးနေမှုကိုလည်းကောင်း၊ ခွဲစိတ်ပြီး ဝေဒနာရှင်များအားလည်းကောင်း၊ ကျန်းမာရေးဝန်ထမ်းများက မျက်စိ ခွဲစိတ်ရန် မျက်စိသန့်ရှင်းရေး ဆောင်ရွက်ပေးနေမှုကိုလည်းကောင်း၊ ခွဲစိတ်ခန်းအတွင်း မျက်စိ ခွဲစိတ်နေမှုကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် အရာတော်မြို့နယ် ပြည်သူ့ဆေးရုံခန်းမ၌ ကျင်းပသည့် မျက်စိ အခမဲ့ ခွဲစိတ်ကုသမှု အလှူငွေပေးအပ်ပွဲသို့ တက်ရောက်သည်။

ပေးအပ်

ရှေးဦးစွာ အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် တိုင်းမှူးတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးက မျက်စိအထူးကုဆရာဝန်ကြီးများအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်ပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ တိုင်းမှူး၊ တာဝန်ရှိသူများနှင့် အလှူရှင်များက ခွဲစိတ်ပြီး မျက်စိဝေဒနာရှင်များအား မျက်မှန်များကို တပ်ဆင်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် အရာတော်မြို့ အမှတ်(၂)ရပ်ကွက်ရှိ တွင်းအမှတ် (၂၇) ရေလျှံတွင်းမှ ရေထွက်ရှိမှုနှင့် ရေကန်ထဲသို့ ရေသိုလှောင်မှု အခြေအနေတို့ကိုလည်းကောင်း၊ အမှတ်(၃)ရပ်ကွက်ရှိ တွင်းအမှတ်(၁၀) ရေလျှံတွင်းမှ ရေထွက်ရှိမှုတို့ကိုလည်းကောင်း၊ အရာတော်-မုံရွာ လမ်းပိုင်း အခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး မုံရွာမြို့ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်း (မြောက်ပိုင်း) ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များကို မှာကြားကာ မြစ်ကျော်တာဝါတိုင် စိုက်ထူ ကြိုးဆွဲထားရှိမှုကိုလည်းကောင်း၊ မုံရွာမြို့ ကမ်းနားလမ်း မြေကြီးတာပေါင်ဖို့ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို မော်တော်ယာဉ်ဖြင့်လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကွမ်းလုံကြိုးတံတား သံပေါင်ကြိုးဆိုင်းနှင့် ရက်မများကြံ့ခိုင်မှု ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဖေဖော်ဝါရီ ၂၆ရက် နံနက် ၁၀နာရီခွဲတွင် လားရှိုးမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာပြီး လားရှိုး-သိန္နီ-ကွမ်းလုံလမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း၊ သဲသောင်များတွင် လမ်းချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ဝန်ကြီးသည် မွန်းလွဲ ၂နာရီခွဲတွင် ကွမ်းလုံမြို့ရှိ ကွမ်းလုံကြိုးတံတားပေါ်မှ တံတား၏ သံပေါင်ကြိုးဆိုင်းများ ကြံ့ခိုင်မှုနှင့် တံတားကြီး၏ သံပေါင်ရက်မ ကြမ်းခင်းများ ကြံ့ခိုင်မှုတို့ကို တံတားကြီးပေါ်မှ လိုက်လံကြည့်ရှုစစ်ဆေးပြီး **(ဝဲပုံ)** တံတားရေရှည် တည်တံ့ခိုင်မြဲရေးအတွက် တာဝန်ခံအင်ဂျင်နီယာများက တံတားကြံ့ခိုင်မှုကို အမြဲမပြတ် စစ်ဆေးပေးရန် မှာကြားခဲ့သည်။

မှာကြား

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ကွမ်းလုံခရိုင်ရုံးသို့ ရောက်ရှိပြီး ကွမ်းလုံခရိုင် စတိုဝင်းအတွင်းရှိ ကတ္တရာပုံးများ ထိန်းသိမ်းထားသိုမှုနှင့် တံတားဘေလီသံပေါင်များ ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ကွမ်းလုံမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာပြီး ကွမ်းလုံ-လောက်ကိုင်လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိုင်တီအတွက် လူငယ်များ

အိုင်တီဆောင်းပါး-မိုးမြင့်လင်းလက်

ယနေ့ခေတ်သည် အိုင်တီနည်းပညာ လွှမ်းမိုးသောခေတ်ဖြစ်သည်။ လူငယ်တိုင်း ... နေရပြီဖြစ်ရာ နိုင်ငံတော်ကလည်း လူငယ်များ အိုင်တီပညာရပ်များ ကျယ်ကျယ်ပြန့် ...

ရောက်ရှိ

လူငယ်များအား လက်တွေ့အသုံးချနိုင်သည့် အိုင်တီပညာရပ်များ သင်ကြားပေးနေသည့် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ရှစ်မိုင် ပြည်လမ်းရှိ အမှတ် ၁၁၂ အခန်း ၁၁နှင့် ၁၂တို့၌ ဖွင့်လှစ်ထားသော Myanmar Professionals Education Centre (MPEC) သို့ သတင်းအဖွဲ့ လေ့လာရေး ရောက်ရှိခဲ့သည်။

ကျယ်ဝန်းသပ်ရပ်သော စာသင်ခန်းများအတွင်း ကွန်ပျူတာကိုယ်စီဖြင့် အိုင်တီပညာရပ်များကို လေ့လာသင်ယူနေသော သင်တန်းသား သင်တန်းသူများကို တွေ့ရသည်။ သင်ထောက်ကူပြုပစ္စည်းများဖြင့် စနစ်တကျ သင်ကြားပေးနေသော စာသင်ခန်းများကို လေ့လာကြည့်ရှုပြီး MPEC စင်တာမှ သင်တန်းမန်နေဂျာ ဒေါ်နန်းသင်းဆွေနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

"ကျောင်းသားလူငယ်တွေကို အိုင်တီပညာရပ်နဲ့ ပတ်သက်ပြီး တစ်ဦးချင်း သင်ကြားပြသပေးနေတာပါ"
ဒေါ်ဆုမွန်အောင် (သင်တန်းနည်းပြ)။

စီစဉ်

"မကြာမီမှာ ကျောင်းသားကျောင်းသူတွေ့ရဲ့ နွေရာသီ အားလပ်ရက်တွေ ရောက်ရှိတော့မှာပါ။ ဒီအားလပ်ရက်တွေမှာ လူငယ်တွေအတွက် အကျိုးရှိတဲ့ အိုင်တီပညာရပ်တွေကို စနစ်တကျနဲ့ အခြေခံကအစ သိရှိနားလည်အောင် အိုင်တီသင်တန်းတွေ ဖွင့်လှစ်ပေးဖို့ စီစဉ်ထားပါတယ်။ ကျွန်မတို့ MPEC မှာ အမိကအနေနဲ့ သင်တန်းငါးခုရှိပါတယ်။ အဲဒီသင်တန်း တွေကတော့ Programming Fundamentals သင်တန်း၊ Microsoft.Net နဲ့ ပတ်သက်တဲ့ သင်တန်းတွေ၊ Java Programming သင်တန်းတွေ၊ Database သင်တန်းတွေအပြင် CICT Diploma in Software Engineering သင်တန်းတွေ ဖြစ်ပါတယ်" ဟု သတင်းအဖွဲ့သို့ ရှင်းပြသည်။

အခြေခံပညာ အလယ်တန်း ဖြေဆိုထားပြီးဖြစ်သည့် ကျောင်းသားကျောင်းသူများမှ စတင်ကာ အိုင်တီပညာရပ်ကို စတင်လေ့လာလိုသူ လူငယ်များ၊ Programming ကို အခြေခံမှ စတင်လေ့လာလိုသူများ တက်ရောက်နိုင်သော Foundation of Programming သင်တန်း ဖွင့်လှစ်မည် ဖြစ်သည်။

သင်ကြား

"အလယ်တန်းနဲ့ အထက်တန်း အဆင့်ရှိတဲ့ ကျောင်းသားလူငယ်တွေ တက်ရောက်နိုင်တဲ့ Programming Fundamentals သင်တန်းနဲ့ CICT Diploma in Software Engineering သင်တန်းတွေ ဖွင့်ပေးမည့် အခြေခံကျတဲ့ အချက်တွေကို အဓိကထားပြီး သင်ပေးတဲ့အခါ Programming Language သုံးမျိုးဖြစ်တဲ့ Java,. NET, Python ကို သင်ကြား

ယင်းမာပင် ပြန်လှည့်သီးကုန်းကျေးရွာ၌ အသိပညာပေးဟောပြောပွဲ ကျင်းပ

ယင်းမာပင် မတ် ၄

မုံရွာခရိုင် ယင်းမာပင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ အသိပညာပေး ဟောပြောပွဲကို ပြန်လှည့်သီးကုန်းကျေးရွာ၌ ဖေဖော်ဝါရီ ၂၂ရက် မွန်းလွဲ ၁နာရီက ကျင်းပရာ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မော်မော်စန်းက အမှာစကား ပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဆရာမ ဒေါ်ခင်ညိုက အနာကြီးရောဂါ တိုက်ဖျက်ရေးနှင့်တီဘီရောဂါအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ဆရာမ ဒေါ်မြမြတင်က ငှက်ဖျားရောဂါအကြောင်း သိကောင်းစရာများကို လည်းကောင်း ဟောပြောဆွေးနွေးကြပြီး ဆေးစိမ်ခြင်ထောင် သုံးစွဲနည်းကို လက်တွေ့ သရုပ်ပြသခဲ့ကြသည်။

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ စာဖတ်ပွဲ အခမ်းအနားကျင်းပရာ မြို့နယ်ဦးစီးမှူးက စာဖတ်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်နှင့် စာဖတ်ရှိန် မြှင့်တင်ရေးတို့ကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်ခင်မာလာက ချစ်နိုင်(စိတ်ပညာ)၏ အကြီးအမှူးဖြစ်စေသော ဆောင်းပါးကိုလည်းကောင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ခင်မာအေးက ဒို့ကျေးရွာဂျာနယ်မှ စာရေးဆရာ သုခ၏ နာမည်နှင့်လူ ဆောင်းပါးကိုလည်းကောင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်ဝါဝါဝင်းက ဒို့ကျေးရွာဂျာနယ် အတွဲ (၆)၊ အမှတ်(၁၉)မှ ညီညွတ်ခြင်း ဆောင်းပါးကိုလည်းကောင်း အသီးသီး ဖတ်ကြား ဆွေးနွေးခဲ့ကြသည်။ ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်စိုးစိုးဝင်းက ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်စာစောင်မျိုးစုံ အုပ်၃၀ ကို ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်မှူး ဦးစိုးနိုင်ထွန်းက လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

❒ ကျောက်ဖြူမှ

ထွက်ရှိ

အထွက်နှုန်းမှာ တစ်ဧကလျှင် ၁၅တင်း၊ ၁၆တင်း ပျမ်းမျှထွက်ရှိပါသည်။ တချို့ မြေကောင်း၊ အပင်ကောင်းလျှင် ၁၈တင်း၊ တင်း ၂၀ခန့် အထိ ထွက်ရှိကြောင်း သိရသည်။

မတ်ပဲများသန့်စင်

မတ်ပဲများကို ဤကဲ့သို့ နွားတွဲများဖြင့်နယ်၍ စလင်းတွင် သန့်စင်ရန် အမှော်(ခ) ပဲမှော်များကို သန့်စင်၍ လှေ့မည့်မတ်ပဲများကို တွေ့ရသည်။ ယခုနှစ် မတ်ပဲဈေးနှုန်းမှာ လက်ရှိဈေးနှုန်း တစ်တင်းလျှင် ငွေကျပ် ၂၃၂၀၀ရှိကြောင်း သိရသည်။ ဘောလည် ကျေးရွာအုပ်စုတွင် မတ်ပဲ စိုက်ပျိုးသူ တောင်သူဦးရေ ၁၀၀ခန့်ရှိပြီး ဧကပေါင်း ၆၅၀ ခန့်ရှိသည်။

ဝင်ငွေတိုး

ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် ဘောလည်ကျေးရွာ အုပ်စုအတွင်း မတ်ပဲစိုက်ပျိုးထုတ်လုပ်ကြရာတွင် အောင်မြင်ဖြစ်ထွန်းစွာ တွေ့မြင်ရသဖြင့် တောင်သူများအတွက် ကျေနပ်ဝမ်းမြောက်ဖွယ်ရာပင် ....။ ဒေသခံတောင်သူများ ယခုကဲ့သို့ နှစ်သီးစားစိုက်ပျိုးကြသဖြင့် ဝင်ငွေတိုး၍ လူမှုစီးပွားဘဝ တိုးတက်လာခဲ့ပေပြီ။ ။ **(မြန်မာ့အလင်း)**

ပြည်တွင်း၊ ပြည်ပ ဟိုတယ်လုပ်ငန်းများ၌ ဝင်ရောက်လုပ်ကိုင်နိုင်မည့် သင်တန်းသစ်ဖွင့်မည်

ရန်ကုန် မတ် ၄

ပြည်တွင်း၊ ပြည်ပရှိ Hotel, Restaurant နှင့် အပျော်စီးသင်္ဘောလိုင်းများ၌ တာဝန်ထမ်းဆောင်လိုသူများအတွက် ရည်ရွယ်၍ SOP Course for Hotel & Cruise Staff သင်တန်းကို မတ်လ တတိယပတ်အတွင်း Star Resources Hospitality Management Academy ၌ ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းကာလအတွင်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းအမျိုးမျိုးတွင် အလုပ်အကိုင် အခွင့်အလမ်းပေါများသော F & B Service (Waiter/ Waitress) Housekeeping (Room Attendant) တို့အပြင် The Art of Napkin Folding စသည်တို့ကို Institute of Hospitality (UK) နှင့် Educational Institute (AHLA-USA) မှ သတ်မှတ်ထားသော Course Guide Line နှင့်အညီ International Five Star Hotel များ၌ တာဝန်ထမ်းဆောင်ခဲ့သူများ ကိုယ်တိုင် စာတွေ့၊ လက်တွေ့ သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက် ၂၆၇ အခန်း ၃၀၂ ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၂၃၂၀၀၊ ၅၂၃၆၂၃၊ ၄၄၁၂၂၅၆နှင့် ၀၉-၅၀-၂၀၃၀၂တို့သို့ စုံစမ်းဆက်သွယ် စာရင်းပေးနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီ လဲလှယ်ခြင်းများ ပြုလုပ်စဉ် ပွတ်တိုက်မှု (Friction) မှ သဘာဝတည်ငြိမ် လျှပ်စစ်(Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြု ရှောင်ကြဉ်ကြပါရန်။

ထူးခြားသည့် နေ့အ...

ချောက်မြို့	၄၁
ကလေးမြို့	၃၉
မုံရွာမြို့	၃၉
မင်းဘူးမြို့	၃၉
မကွေးမြို့	၃၉
ပြည်မြို့	၃၉

ဂီအတွက် လူငယ်များအားထားစရာ MPEC စင်တာသို့ တစ်ခေါက်

အိုင်တီဆောင်းပါး-မိုးမြင့်လင်းလက် ➤ ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း) ➤ စာမျက်နှာဖွဲ့စည်းမှု-မာမာစိုး (မြန်မာ့အလင်း)

ရန်ကုန် မတ် ၄

ိုင်တီနည်းပညာ လွှမ်းမိုးသောခေတ်ဖြစ်သည်။ လူငယ်တိုင်း အိုင်တီနည်းပညာ သိရှိနားလည်တတ်မြောက်ရန် လိုအပ်လာသည်။ စီးပွားရေး၊ လူမှုရေး၊ ပညာရေးတို့၌ အိုင်တီနည်းပညာကို မလွဲမသွေ အသုံးပြု ကလည်း လူငယ်များ အိုင်တီပညာရပ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာသင်ယူနိုင်ရေး တွန်းအားပေးလျက်ရှိသည်။

သင်တန်းငါးခုရှိပါတယ်။ အဲဒီ သင်တန်း တွေကတော့ Programming Fundamentals သင်တန်း၊ Microsoft.Net နဲ့ ပတ်သက်တဲ့ သင်တန်းတွေ၊ Java Programming သင်တန်းတွေ၊ Database သင်တန်းတွေအပြင် CICT Diploma in Software Engineering သင်တန်းတွေ ဖြစ်ပါတယ်'' ဟု သတင်းအဖွဲ့သို့ ရှင်းပြသည်။

အခြေခံပညာ အလယ်တန်း ဖြေဆိုထားပြီးဖြစ်သည့် ကျောင်းသား ကျောင်းသူများမှ စတင်ကာ အိုင်တီ

...ယ်တွေကို အိုင်တီပညာရပ်နဲ့ ပတ်သက်ပြီး ...ပြသပေးနေတာပါ''
ဒေါ်ဆုမွန်အောင် (သင်တန်းနည်းပြ)။

ပညာရပ်ကို စတင်လေ့လာလိုသူ လူငယ်များ၊ Programming ကို အခြေခံမှ စတင်လေ့လာလိုသူများ တက်ရောက်နိုင်သော Foundation of Programming သင်တန်း ဖွင့်လှစ်မည် ဖြစ်သည်။

သင်ကြား

''အလယ်တန်းနဲ့ အထက်တန်း အဆင့်ရှိတဲ့ ကျောင်းသားလူငယ်တွေ တက်ရောက်နိုင်တဲ့ Programming Fundamentals သင်တန်းနဲ့ CICT Diploma in Software Engineering သင်တန်းတွေ ဖွင့်ပေးမည့် အခြေခံကျတဲ့ အချက်တွေကို အဓိက ထားပြီး သင်ပေးတဲ့အခါ Programming Language သုံးမျိုးဖြစ်တဲ့ Java,. NET, Python ကို သင်ကြား ပေးမှာဖြစ်ပါတယ်'' ဟု ဒေါ်နန်းသင်း ဆွေက ဆက်လက်ရှင်းပြသည်။

ကျောင်းသားလူငယ်များအတွက် ကျောင်းသားကတ်နှင့် သင်တန်းတက်လျှင် အထူးနှုန်းဖြင့် တက်ရောက် သင်ကြားခွင့်ပြုမည်ဖြစ်ပြီး သင်တန်း ကာလမှာ သုံးလဖြစ်ကြောင်း သိရသည်။ ယင်းသင်တန်းများကို မတ်တတိယပတ်၌ စတင်ဖွင့်လှစ်ရန် စီစဉ်ထားသည်။ နွေရာသီ အားလပ်ရက်တွင် အကျိုးရှိစွာ အသုံးချနိုင်ရေး အတွက် အိုင်တီပညာရပ်များကို စနစ်တကျ ဖြန့်ဝေပေးရန် MPEC က စီစဉ်ထားခြင်းဖြစ်သည်။

အခွင့်အလမ်း

''ဒါ့အပြင် ဒီနှစ် အခြေခံပညာ အထက်တန်းစာမေးပွဲ ဖြေဆိုပြီးတဲ့ ကျောင်းသား ကျောင်းသူတွေအတွက် Diploma in Software Engineering သင်တန်းလည်း တက်ရောက်နိုင်ပါတယ်။ ဒီသင်တန်းကတော့ ကိုးလဖြစ်ပြီး မလေးရှားနိုင်ငံ ကိန်းဘရစ် အိုင်စီတီက ဒီပလိုမာပေးမှာ ဖြစ်ပါတယ်။ လူငယ်တွေအတွက် တကယ်ကြိုးစားရင် အိုင်တီပညာရပ်နဲ့ပတ်သက်ပြီး အခွင့်အလမ်းတွေ အများကြီး ရှိပါတယ်''ဟုလည်း ၎င်းက သတင်းအဖွဲ့သို့ ရှင်းပြသည်။

''အိုင်တီပညာရပ်တွေကို စနစ်တကျနဲ့ အခြေခံကအစ သိရှိနားလည်အောင် အိုင်တီသင်တန်းတွေ ဖွင့်လှစ်ပေးဖို့ စီစဉ်ထားပါတယ်''
ဒေါ်နန်းသင်းဆွေ
သင်တန်းမန်နေဂျာ၊ MPEC။

ပြသ

MPEC စင်တာအတွင်း အိုင်တီပညာရပ်များကို လေ့လာသင်ယူနေကြသော သင်တန်းသား သင်တန်းသူများကို နည်းပြများက စနစ်တကျ သင်ကြားပြသနေမှုကိုလည်း တွေ့ရသည်။ သင်တန်းသားများ သဘောပေါက်နားလည်ရန် ကွန်ပျူတာများ အသုံးပြုပြီး စနစ်တကျ လက်တွေ့ပြသပေးနေမှုကိုလည်း မြင်တွေ့ရသည်။ သင်တန်းခန်းမ တစ်ခုအတွင်း သင်ကြားပြသပေးနေသော နည်းပြဆရာမ ဒေါ်ဆုမွန်အောင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

ကိုယ်တိုင်ရေးသား

''ကျောင်းသား လူငယ်တွေကို အိုင်တီပညာရပ်နဲ့ပတ်သက်ပြီး အခြေခံကအစ သိရှိနားလည်အောင် တစ်ဦးချင်း သင်ကြားပြသပေးနေတာပါ။ ဥပမာ- Microsoft . NET နဲ့ ပတ်သက်တဲ့ သင်တန်းတွေဆိုရင် C#.NET Fundamentals သင်တန်းကစပြီး လေ့လာရမယ်။ ပြီးရင် Web Based Application with ASP. NET သင်တန်းတွေအပြင် လူငယ်တွေ လုပ်ငန်းခွင်ဝင်ရောက်ဖို့ ပေါင်းကူးပေးတဲ့ Industry Oriented Application Developer သင်တန်းတွေလည်း တက်ရောက်နိုင်ပါတယ်။ သင်တန်းကာလ ၄လမှာ သင်တန်းအလိုက် Project တစ်ခုကို ကိုယ်တိုင်ရေးသားလို့ရတဲ့အထိ သင်ပြပေးနေပါတယ်''ဟု သတင်းအဖွဲ့သို့ ရှင်းပြသည်။

အိုင်တီပညာရပ်များ စာတွေ့လက်တွေ့ သင်ကြားနေသည်ကို ဤသို့တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)

တက်ရောက်နိုင်

လူငယ်များအနေဖြင့် Database Developer ဖြစ်လိုသူများအတွက်လည်း Database Application Development သင်တန်း ဖွင့်လှစ်ပေးထားကြောင်း သိရသည်။ ထို့အပြင် Java Programming နှင့်ပတ်သက်ပြီး Java Fundamentals (J2SE) သင်တန်း၊ Web Based Java (J2EE) သင်တန်းနှင့် Web Davelopment Foundation သင်တန်းများလည်း တက်ရောက်နိုင်သည်။ လူငယ်များ အနေဖြင့် Project တစ်ခုကို တစ်ဦးချင်း ကိုယ်တိုင်ရေးနိုင်အောင် သင်ကြားပြသပေးကြောင်း သိရသည်။

ဆည်းပူး

ထို့နောက် စာသင်ခန်းမတစ်ခုအတွင်း သင်တန်းသားများအား လိုက်လံပြသ လက်တွေ့ သင်ကြားပေးနေသူ သင်တန်းနည်းပြတစ်ဦးကို တွေ့ဆုံမေးမြန်းခဲ့ရာ ''ကျွန်တော်က သင်တန်းနည်းပြ ဦးအောင်ဇော်မိုးဖြစ်ပါတယ်။ သင်တန်းသားတွေကို စာတွေ့ရော လက်တွေ့ပါ ကျွမ်းကျင်အောင် ထိထိ ရောက်ရောက် သင်ပြပေးနေတာပါ။ ဒီကျောင်းမှာ အင်တာနက် ချိတ်ဆက်ထားလို့ သင်တန်းသားတွေအနေနဲ့ အိုင်တီပညာရပ်နဲ့ပတ်သက်ပြီး ကိုယ်တိုင် လေ့လာရှာဖွေ ဆည်းပူးလို့ရပါတယ်။ အချိန်မရွေး လာရောက်လေ့လာလို့ ရပါတယ်။ ငွေကြေးပေးစရာ မလိုပါဘူး။ စာသင်ချိန်ပြင်ပမှာ သီးခြား လေ့လာလိုသူတွေအတွက် စာကြည့်တိုက်ရှိပါတယ်။ သင်တန်းနည်းပြတွေကိုလည်း အချိန်မရွေး မေးမြန်းနိုင်ပါတယ်။ ကျွန်တော်တို့ရဲ့ အဓိက ရည်ရွယ်ချက်က သင်တန်းသားလူငယ်တွေ အိုင်တီပညာရပ်ကို တကယ် တတ်ကျွမ်း အသုံးချလို့ရအောင် အတတ်နိုင်ဆုံး ဖြည့်ဆည်းကူညီ ဆောင်ရွက်ပေးဖို့ပဲ ဖြစ်ပါတယ်။ သီအိုရီပိုင်းနဲ့ လက်တွေ့ပိုင်းရော ဟန်ချက်ညီအောင် သင်ကြားပြသပေးနေပါတယ်'' ဟု သတင်းအဖွဲ့သို့ ရှင်းပြသည်။

''သင်တန်းသားတွေကို စာတွေ့လက်တွေ့ပါ ကျွမ်းကျင်အောင် ထိထိရောက်ရောက် သင်ပြပေးနေပါတယ်''
ဦးအောင်ဇော်မိုး (သင်တန်းနည်းပြ)။

သင်တန်းခန်းမအတွင်း အိုင်တီပညာရပ်ကို ကွန်ပျူတာကိုယ်စီဖြင့် သင်ကြားဆည်းပူးနေကြသော လူငယ်များကိုကြည့်ရင်း အိုင်တီပညာရပ် အရေးပါမှု၊ လူငယ်များ မဖြစ်မနေ လေ့လာသင်ယူသင့်မှု အပြင် အိုင်တီပညာရပ်ကို စနစ်တကျ သင်ကြားပေးနိုင်မှုလည်း လိုအပ်ကြောင်း ကွင်းဆင်းလေ့လာ ရေးသားလိုက်ရပေသည်။ ။

(မြန်မာ့အလင်း)

အိုင်တီပညာရပ်ကို ကွန်ပျူတာကိုယ်စီဖြင့် သင်ကြားဆည်းပူးနေကြသော လူငယ်များကိုကြည့်ရင်း အိုင်တီပညာရပ် အရေးပါမှု၊ လူငယ်များ မဖြစ်မနေ လေ့လာသင်ယူသင့်မှု အပြင် အိုင်တီပညာရပ်ကို စနစ်တကျသင်ကြားပေးနိုင်မှုလည်း လိုအပ်။

န်လှည့်သီးကုန်းကျေးရွာ၌ ပေးဟောပြောပွဲ ကျင်းပ

(၆)၊ အမှတ်(၁၉)မှ ညီညွတ်ခြင်း ဆောင်းပါးကိုလည်းကောင်း အသီးသီး ဖတ်ကြား ဆွေးနွေးခဲ့ကြသည်။ ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်စိုးစိုးဝင်းက ကျေးရွာစာကြည့်တိုက် အတွက် စာအုပ်စာစောင်မျိုးစုံ အုပ်၃၀ ကို ပေးအပ်လှူဒါန်းရာ ကျေးရွာ စာကြည့်တိုက်မှူး ဦးစိုးနိုင်ထွန်းက လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

...မှု သတိပြု

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၃-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+အဌနာဌီယသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ကိုယ့်စိတ်ကိုစစ်** တရားတော် (မြောက်ဦးဆရာတော် ဝနဝါသီ အရှင်ဝါယာမိန္ဒ)
- ၆:၅၀ မွန်ပြည်နယ်မှ ဗုဒ္ဓသာသနာ
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ ဂီတသမားတို့ရဲ့ ရင်ခုန်သံများ (ဉာဏ်လင်းအောင်နှင့် တွေ့ဆုံခြင်း)
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၄၀)
- ၈:၃၀ Sports World (Race)
- ၈:၅၅ သပြေကုန်း၏ ပီတိလွှမ်းသော နေ့တစ်နေ့
- ၉:၀၅ လူနေမှုဘဝ အလှထဲက မြန်မာ့သနပ်ခါး....
- ၉:၃၀ Movic Talk (ဒါရိုက်တာကြည်စိုးထွန်း၊ အကယ်ဒမီအောင်လွင်) (အပိုင်း-၇)
- ၁၀:၀၅ သွန်းပြုပူဇော် ရှစ်သောင်းလေးထောင် အဘိနိဗ္ဗိတဗုဒ္ဓ ရုပ်ပွားတော်
- ၁၀:၂၀ MRTV-4 ကျန်းမာရေးကဏ္ဍ (သွားများ ဖြူဖွေးသန့်စင်အောင် ကုသနည်း)
- ၁၀:၄၅ Activities In the City (အလက-၄ မြောက်ဥက္ကလာပ အာစရိယပူဇော်ပွဲ)
- ၁၁:၀၀ မှတ်မှတ်ရရ အနုပညာ ညလေးတစ်ည
- ၁၁:၂၅ ဖက်ရှင်လမ်းညွှန် (Fantastic Fashion)
- ၁၁:၄၀ **ယွန်းဆိုသည်မှာ.....** (အပိုင်း-၂)
- ၁၁:၅၀ မြို့ပြ မြစ်ဘေးက....သူ
- ၁၂:၁၀ VJ Choice
- ၁၂:၄၀ သပြေကုန်း၏ ပီတိလွှမ်းသော နေ့တစ်နေ့
- ၁:၀၀ **ကိုယ့်စိတ်ကိုစစ်** တရားတော် (မြောက်ဦးဆရာတော်ဝနဝါသီ အရှင်ဝါယာမိန္ဒ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ World of Knowledge (Hogzilla)
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၄၀)
- ၄:၁၀ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၄:၃၅ သွန်းပြုပူဇော် ရှစ်သောင်းလေးထောင် အဘိနိဗ္ဗိတဗုဒ္ဓ ရုပ်ပွားတော်
- ၄:၅၅ လူနေမှုဘဝ အလှထဲက မြန်မာ့သနပ်ခါး....
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ သူတို့ပြောတဲ့ သူတို့အကြောင်း (သရုပ်ဆောင်သားညီနှင့် တွေ့ဆုံခြင်း) (အပိုင်း-၁)
- ၆:၅၀ ဖက်ရှင်လမ်းညွှန် (Fantastic Fashion)
- ၇:၀၅ ဈေးဝယ်လမ်းညွှန် (Asia Light Super Market)
- ၇:၂၅ FMF Selection
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ VJ Choice
- ၉:၀၅ MRTV-4 ကျန်းမာရေးကဏ္ဍ (သွားများ ဖြူဖွေးသန့်စင်အောင် ကုသနည်း)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၄၀)
- ၁၀:၀၀ သူတို့ပြောတဲ့ သူတို့အကြောင်း (သရုပ်ဆောင်သားညီနှင့် တွေ့ဆုံခြင်း) (အပိုင်း-၁)
- ၁၀:၂၅ ဂီတသမားတို့ရဲ့ ရင်ခုန်သံများ (ဉာဏ်လင်းအောင်နှင့် တွေ့ဆုံခြင်း)
- ၁၀:၄၅ ဈေးဝယ်လမ်းညွှန် (Asia Light Super Market)
- ၁၁:၀၀ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၁၁:၂၀ နှယ်ငြိမ်းရဲ့ သင်္ဂီတ.... မြန်မာ့အလှ
- ၁၁:၃၅ စွဲမက်ဖွယ်ရာ ရွှေတောင်ဒေသထွက် အစားအစာ
- ၁၁:၄၅ သဘာဝအလှများ စုဝေးရာ ပူတာအိုမြို့
- ၁၁:၅၀ **ဝိုင်းဝန်းပက်ဖျန်း မေတ္တာပန်း** ထောက်ကြန့် ကလေးပြုစုရေးဌာန
- ၁၂:၀၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ထူးခြားသည့် နေ့အပူချိန် ၄-၃-၂၀၁၀

ချောက်မြို့	၄၁	ဒီဂရီစင်တီဂရိတ်
ကလေးမြို့	၃၉	ဒီဂရီစင်တီဂရိတ်
မုံရွာမြို့	၃၉	ဒီဂရီစင်တီဂရိတ်
မင်းဘူးမြို့	၃၉	ဒီဂရီစင်တီဂရိတ်
မကွေးမြို့	၃၉	ဒီဂရီစင်တီဂရိတ်
ပြည်မြို့	၃၉	ဒီဂရီစင်တီဂရိတ်

မြောက်ပိုင်းစွန်းဒေသများ၌ မိုးဆက်ဖွယ်

နေပြည်တော် မတ် ၄

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးရွာခဲ့ပြီး ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မချမ်းဘောမြို့တွင် ဝဒသမ ၃၂လက်မနှင့် ပူတာအိုမြို့တွင် ဝဒသမ ၁၆လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

မတ် ၅ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းစွန်း ဒေသများတွင် မိုးအနည်းငယ် ဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် သာသာယာယာရှိမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် သာယာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် သာသာယာယာရှိမည်။

တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် သားငယ်၊ သမီးငယ်များသို့

ဒေါက်တာသန်းဦး

အခုအချိန်ဟာ သားတို့၊ သမီးတို့ရဲ့ဘဝမှာ အရေးအကြီးဆုံးဖြစ်တဲ့ တက္ကသိုလ်ဝင်စာမေးပွဲကြီးကို နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်ရတော့မယ့်အချိန် ဖြစ်လို့ ဒီစာကို အရေးတကြီး အချိန်မီရေးလိုက်ရတာပါ။ သားတို့၊ သမီးတို့ ဘဝမှာ မူလတန်းနှင့် အလယ်တန်းကို အောင်အောင်မြင်မြင် ကျေကျေနပ်နပ်ကြီး ဖြတ်သန်းခဲ့ပြီးပြီ။ အခြေခံပညာအထက်တန်းရဲ့ အမြင့်ဆုံးဖြစ်တဲ့ တက္ကသိုလ်ဝင်စာမေးပွဲကိုလည်း လက်တစ်ကမ်းရက်ပိုင်းအတွင်းဖြစ်တဲ့ မတ်လ ၁၀ရက်ကနေ ၁၉ရက်နေ့အတွင်းမှာ မလွဲမသွေ ကျော်လွှားဖြတ်သန်းရတော့မယ်။

အဲဒီတော့ အခုအချိန်မှာ အရေးအကြီးဆုံးက ကျန်းမာရေးပါပဲ။ ပြီးခဲ့တဲ့ နှစ် ဇွန်လဆန်းကနေ ဒီနှစ် မတ်လဆန်းအထိ ၁၀လတိုင်တိုင် အပတ်တကုတ်၊ ကျားကုတ်ကျားခဲ ကြိုးစားကျက်မှတ် အားသွန်ခွန်စိုက်လုပ်ခဲ့တဲ့ ကျောင်းသား၊ ကျောင်းသူတွေရဲ့ ဖွဲ၊ လုံ့လ၊ ဝီရိယ မှတ်ကျောက်တင်ပွဲ ကျင်းပမယ့်အချိန်မှာ နေမကောင်းဖြစ်သွားခဲ့ရင် ခဲလေသမျှ သဲရေကျ ဖြစ်ရတော့မှာ အမှန်ပေါ့။ ဒီတော့ စာမေးပွဲကြီးပြီးတဲ့အချိန်အထိ ကျန်းမာရေးသည် ပထမ၊ ကျန်းမာဖို့သည် ပဓာနပဲ။

ဒီနှစ်မှာ အပူအအေးကလည်း မမျှတဘူး၊ နေ့ပူညချမ်း တပေါင်းလ သရမ်းဆိုတဲ့အတိုင်း တပေါင်းလရာသီကလည်း ကြမ်းလိုက်တာ။ အစဉ်အလာအားဖြင့်လည်း အအေးက အပူ ဖျတ်ခနဲဆိုသလို ကူးတတ်တဲ့ဆောင်းနှင့်နွေအကူးကာလ ဖြစ်တာကိုး။

စာမေးပွဲအတွက် ရင်ထဲကအပူ၊ အပြင်ကရာသီက အေးမလိုလိုနဲ့ ပူပြန်တော့ ဇောပူပါပေါင်းပြီး မခံနိုင်တော့ ရေလိုမ့်ချိုး၊ အအေးပတ်၊ ဖျားမယ်၊ ဒီထက်ပိုဆိုးနိုင်တာက အခန့်မသင့်ရင် လေဖြတ်တတ်တယ်။ လေဖြတ်တာ အရွယ်မရွေး ဖြစ်တတ်တယ်။ ဒီတော့ ရေချိုးမများပါစေနဲ့။ အအေးအလွန် အကျွံ မခံပါနှင့်။ ပန်ကာလေ၊ အဲယားကွန်းလေ၊ ပြင်ပက သိပ်တိုက်တဲ့လေ၊ အားလုံးကို ဂရုစိုက်ပါ။ ခြင်ကိုက်မခံပါနှင့်။ သွေးလွန်တုပ်ကွေး၊ ငှက်ဖျားတို့ဟာလည်း အရွယ်မရွေး ဖြစ်တတ်တယ်။ အိမ်သာကထွက်တိုင်း၊ စားသောက်ခါနီးတိုင်း လက်ကို ရေနှင့် ဆပ်ပြာ လုံလောက်စွာသုံးပြီး ဆေးပါ။ ဝမ်းနှုးစာတွေမစားနဲ့။ အဆီ၊ အငန် ကဲတာတွေ၊ စားနေကျမဟုတ်တဲ့ အစာတွေ မစားပါနဲ့။ အာဟာရပြည့်ဝအောင်စားပါ။ အစာစားတိုင်း စားနိုင်တာထက် နည်းနည်းလျှော့စားပါ။ ဆီးမချုပ်၊ ဝမ်းမချုပ်ပါစေနဲ့။ အလွန်အကျွံ အိပ်ရေးပျက်မခံပါနဲ့။ ည ၁၁ နာရီထက် နောက်ကျ မအိပ်ပါနဲ့။ မနက် ၄ နာရီခွဲထက် စောမထပါနဲ့။ နှစ်နာရီလောက် စာကိုဆက်တိုက် ဖတ်မှတ်၊ တွက်ချက်လုပ်ပြီးတိုင်း ငါး မိနစ်လောက် လမ်းလျှောက်ရင်းနားပါ၊ အဲဒီအချိန်မှာ အသက်ကို ဝဝကြီး ရှူသွင်းရှူထုတ်လုပ်ပေးပါ။ ဒေါသမထွက်ပါနဲ့။ ပူပန်မှုကိုလျှော့ပါ။ စိတ်ကို တင်းမထားပါနဲ့။ သက်သောင့်သက်သာနဲ့ အေးအေးဆေးဆေး ကျက်မှတ်ပါ။

စာမေးပွဲဝင်ခွင့်ကတ်ပြားကို ထုတ်ပြီးပြီးချင်း စနစ်တကျ သိမ်းထားပါ၊ ဟိုတင်ဒီတင် မတင်ပါနဲ့။ နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်သွားရင် ပြန်မိတ္တူလျှောက်ဖို့ အဆင့်ဆင့်လုပ်ရပေမယ့် အချိန်ပေးလို့ ရသေးတယ်။ အခုကတ်ပြားက စာမေးပွဲဖြေခါနီးမှ ထုတ်ပေးတာ။ အကြောင်းကြောင်းကြောင့် ပျောက်သွားရင် အခက်အခဲအများကြီး တွေ့လိမ့်မယ်။

စာမေးပွဲမဖြေခင် ရက်ပိုင်းကတည်းက စာမေးပွဲကာလအတွက် လုံလောက်တဲ့ ရေးနေကျ ဘောပင်၊ ခဲတံ၊ ရောင်စုံခဲတံ၊ ခဲဖျက်၊ ချွန်စက် (ဖြစ်နိုင်ရင် ခဲချွန်ဓား မသုံးပါနဲ့)၊ နံပါတ်(၃) ချုပ်စက်နဲ့အပ်တစ်ဘူး၊ ကွန်ပါဘူး၊ သိပ္ပံဆွဲကတ်၊ လောဂရေသမ်၊ ၁၂ လက်မ ပေတံအစရှိတဲ့ စာရေးကိရိယာများ စုဆောင်း ပြင်ဆင်ထားပါ။ ကြိုတင်ပြင်ဆင် စမ်းသပ်ရေးခြစ်ထားပါ။ အသစ်ဆိုပြီး စိတ်မချပါနဲ့၊ သုံးတဲ့အခါ စာဖြေတဲ့အခါ မင်နီ၊ မင်စိမ်း လုံးဝ မသုံးပါနဲ့။ အပြာ၊ နက်ပြာနှင့် အနက်ကိုသာသုံးပါ။ ကိုယ်ရေးလို့ လက်တွေ့တဲ့ ဘောပင်ဖြစ်ပါစေ။

မတ်လ ၅ ရက်နေ့မှာ အင်္ဂလိပ်စာကို ပြန်နွှေးသင့်တယ်။ မတ်လ ၆ရက်ကနေ ၈ရက်နေ့အထိ မြန်မာစာကို အပြီးသတ် ပြန်နွှေးသင့်တယ်။ မတ်လ ၉ရက်နေ့မှာ မြန်မာစာကိုလက်တင်ပြီး သာသာကလေးစဉ်းစား လိုက်ဖြေကြည့်လိုက်၊ စာအုပ်ပြန်လှန်လိုက်နဲ့ သက်သောင့်သက်သာ စနစ်တကျ ပြင်ဆင်ထားသင့်တယ်။

သတိပေးချင်တာတစ်ခုက နေ့စဉ် မနက်တစ်ခါ၊ ညတစ်ခါ ဘုရားရှိခိုး၊ သရဏဂုံသုံးပါး၊ ငါးပါးသီလ၊ မေတ္တာပို့စတဲ့ မိမိနိုင်သလောက် ဘာသာရေးလုပ်ပြီး စိတ်တည်ငြိမ်အောင်၊ ကျက်ထားတဲ့ စာတွေမမေ့အောင် မပျက်မကွက် ဆောင်ရွက်စေချင်ပါတယ်။

မတ်လ ၁၀ ရက်နေ့ မနက်မှာ နံနက် ၅ နာရီနဲ့ ၅ နာရီခွဲကြား အိပ်ရာထ၊ ကိုယ်လက်သန့်စင်၊ ဘုရားရှိခိုး၊ စာတစ်နာရီလောက်အပြီးသတ်နွှေး၊ ဝင်ခွင့်ကတ်ပြားအပါအဝင် ယူဆောင်ဖွယ်အားလုံးယူဆောင်ပြီး စာမေးပွဲခန်းကို အချိန်မီရောက်အောင်သွားပါ။ နောက်မကျပါစေနဲ့။ ပြီးရင် သက်ဆိုင်ရာ ဆရာကြီး၊ ဆရာမကြီးတွေ ရှင်းလင်းပြောဆို မှာကြားချက်များကို စိတ်အေးလက်သာ နားထောင်မှတ်သားပါ၊ အဲဒီနောက် အဖြေလွှာရလျှင်ရချင်း ပထမစာရွက် အထက်ထိပ်စီးပါ ခုံအမှတ်အကွက်မှာ မိမိရဲ့ ခုံအမှတ်ကို ထင်ထင်ရှားရှားဖြည့်ပါ၊ အခြားလိုအပ်ချက်တွေဖြစ်တဲ့ ဘာသာရပ်အမည် 'မြန်မာစာ' ဆိုတာတွေကို ဖြည့်သွင်းရေးသားပါ၊ စာရွက်အပိုထပ်တောင်းပြီး ဖြေထားတာများရှိပါက ပထမစာမျက်နှာအောက်ခြေအလွတ်မှာ စာရွက်အပို ဘယ်လောက်ထပ်ဖြေထားတယ်ဆိုတာကို ဖော်ပြပါ၊ အဖြေလွှာများအားလုံး နံပါတ် (၃)ချုပ်စက်သုံးပြီး သေချာစွာ ချုပ်ပေးလိုက်ပါ။ စာမျက်နှာတိုင်း ၁၂ လက်မကော်ပေတံ အနည်းဆုံးတစ်ပြားစာ တစ်ဘေးမျဉ်းချပါ။

မေးခွန်းစာရွက်ရလျှင်ရချင်း မိမိစိတ်ကို တည်ငြိမ်စွာ စုစည်းပြီး အစမှ အဆုံး ဖြည်းဖြည်းချင်း ဖတ်သွားပါ။ ပျာယီးပျာယာ ကျော်မဖတ်ပါနှင့်။ အနည်းဆုံး တစ်ခေါက်ပြည့်အောင်ဖတ်ပါ။ မေးခွန်းခက်၍ စိတ်မပျက်ပါနှင့်။ လွယ်၍လည်း ပျော်မသွားပါနှင့်။ ခက်ခြင်း၊ လွယ်ခြင်းဟာ ကိုယ်တစ်ယောက်တည်းအတွက် မဟုတ်ဘူး အားလုံးအတွက်ဆိုတာ သိပါ။

မြန်မာစာနှင့် အင်္ဂလိပ်စာတို့ကိုဖြေရာမှာ ဘယ်တော့မှ စာစီစာကုံး (Essay) ကစပြီး မဖြေပါနှင့်။ သူ့ကိုဖြေဖို့ ၄၅ မိနစ်ချန်ထားပြီး အခြားအမှတ်ရဖို့ သေချာ၊ လွယ်လည်းလွယ်၊ ကိုယ်လည်းဖြေနိုင်တဲ့ခက်ဆစ်၊ သဒ္ဒါ၊ အလင်္ကာ စတာတွေကို လိုတိုရှင်းဖြေဆိုပြီး အောင်မှတ် ၄၀ ရနိုင်အောင် ဖြေဆိုချက်နှင့် ပေးမှတ်ကို ချိန်ဖြေပါ၊ စကားစပ်၊ မေးခွန်းတို၊ ကဗျာဆိုတာတွေ ဖြေရာမှာလည်း သိပ်မချဲ့ပါနဲ့။ အမှတ်ကို သဲ့ယူ၊ ကဲ့ယူပါ။ နှစ်နာရီအတွင်း စာစီစာကုံးကလွဲလို့ ကျန်မေးခွန်းအားလုံး တစ်ခုမကျန်ဖြေပါ။ စာစီစာကုံးကိုတော့ ၄၅ မိနစ် အချိန်ပေးဖြေပါ။ နိဒါန်း၊ စာကိုယ်၊ နိဂုံး ပိုင်နိုင်စွာ သာဓက အကိုးအကား အဖြာဖြာ၊ ရသအဖုံဖုံ၊ မိမိရဲ့လေ့လာပုံ စနစ်ကျနမှုတို့ကို ညက်ညက်ညောညော ပြည့်ပြည့်စုံစုံ တန်ဆာဆင်ရေးသား ဖြေဆိုပါ။ ကျန် ၁၅မိနစ်ကိုတော့ အဖြေလွှာ အစအဆုံး မေးခွန်းနှင့် တိုက်ဆိုင်စစ်ပါ၊ ဘယ်တော့မှ စာမေးပွဲခန်းထဲက အချိန်စောထွက်နိုင်တာကို ဂုဏ်ပုဒ်တစ်ခု လုပ်ပြီး စောမထွက်ပါနဲ့။ အားလုံးဖြေပြီး၊ စစ်ပြီး အချိန်ပိုနေသေးလျှင် ထပ်ကာထပ်ကာ စစ်ပါ။ အမှားတွေ့လို့ ပြင်ချင်တယ်ဆိုရင် ဆေးဖြူတောင့်နဲ့ ဖျက်ပြီး ပြန်ရေးတာမျိုး၊ ခဲဖျက်နဲ့ မရအရ ဖျက်တာမျိုးမလုပ်ပါနဲ့။ မင်နဲ့ တစ်ချက်ခြစ်ပြီး မိမိရေးချင်တဲ့ အမှန်ကို လွတ်နေတဲ့ အနီးဆုံးနေရာမှာ ရေးပေးပါ၊ စာရွက်အလွတ်မှာရေး၊ ကတ်ကြေးနှင့်ညှပ်၊ ကော်နှင့်ကပ် ဘယ်တော့မှ မလုပ်ပါနဲ့။ အချိန်ကုန်လူပန်း၊ အမြီးအမောက်မတည့် ဖြစ်တတ်လို့ပါ။

ဘာသာရပ်တိုင်း၊ မေးခွန်းတိုင်းကို ဖြေဆိုရာမှာ ဘာမေးသလဲဆိုတာ သေချာအောင် ရှင်းလင်းနားလည်ပြီးမှ မေးတာကိုသာ ဖြေပါ။ မိမိသိတာတွေ အားလုံး ဆိုင်ဆိုင်မဆိုင်ဆိုင် များများရေး။ အမှတ်ပေးမှာပဲထင်ပြီး ရေးမထည့်ပါနဲ့။ များများရေး များများမှားတတ်တယ်ဆိုတာ သတိချပ်ပါ။

တွက်စာတွေမှာ ပုံသေနည်း မှန်ပါစေ၊ အဆင့်မှန်ပါစေ၊ စေ့စပ်သေချာပါစေ။ ပထဝီ၊ သိပ္ပံလို ဘာသာရပ်တွေမှာ သရုပ်ဖော်ပုံတွေ၊ မြေပုံတွေ မှန်ပါစေ။ လှရန်အရေးမကြီး၊ တိတိကျကျ အချိန်တိုအတွင်း မှန်မှန် ကန်ကန် ရေးဆွဲနိုင်ဖို့သာ အရေးကြီးပါတယ်။ သမိုင်း၊ ပထဝီ၊ ဘောဂအစရှိတဲ့ ဘာသာတွေဖြေရာမှာလည်း မဖြီးပါနဲ့။ အမှန်သိသလောက်သာ ရေးပါ။

ဘာသာရပ်တစ်ခု ဖြေပြီးတိုင်း ပြီးတိုင်း ကိုယ့်သူငယ်ချင်းတွေနဲ့ အဖြေတိုက်တာ၊ စားမြုံ့ပြန်တာ သိပ်မလုပ်ပါနဲ့။ ဆရာသမား မိဘများက မေးလာရင်တောင် အကျဉ်းရုံးပြောပြပါ၊ ဖြေပြီးတဲ့ဘာသာရပ်ဆိုင်ရာ စာအုပ် စာတမ်းများကို စုထုပ်ပြီး ညီငယ်၊ ညီမငယ်တွေအတွက် သိမ်းဆည်းထားလိုက်ပါ။

အလေးအနက်မှာချင်တာတစ်ခုက ဘယ်နေ့ ဘယ်ဘာသာရပ်ကိုပဲ ဖြစ်ဖြစ် ဖြေတဲ့နေရာမှာ အားမရလို့ဆိုပြီး အဖြေလွှာတွေအားလုံး ခြစ်ချပစ်ခဲ့တာ၊ နောက်နေ့ ဆက်မဖြေတာ ဘယ်တော့မှ မလုပ်ပါနဲ့။ ကိုယ့်အတွက် တစ်ဆယ့်ငါးနှစ်ကျော် စောင့်ရှောက်ပြုစုခဲ့တဲ့ မိဘနှစ်ပါး ကျေးဇူးကို ထောက်ပါ။ ညီတွေ၊ မောင်တွေ၊ ညီမတွေ အတုခိုးမမှားအောင်လည်း ဂရုစိုက်ပါ။

ခြောက်ဘာသာစလုံးလည်း ဖြေပြီးပြီဆိုရင် နွေရာသီအားလပ်ရက်ကို အဖိုးတန်အောင် အသုံးချပါ။ ဖြစ်နိုင်ရင် လူငယ်တရားစခန်း သီးသန့်ဖွင့်တာမျိုးတွေ၊ လူကြီးတရားစခန်းတွေမှာ ရောပြီးအားထုတ်ခွင့်ရတာမျိုးတွေဆိုတဲ့ အခွင့်အလမ်းတွေ ရှိနေပြီဆိုတော့ ၇ ရက်၊ ၁၀ ရက်၊ ၁၅ ရက် စသည့် တရားစခန်းဝင်ကြပါလို့ နောက်ဆုံးမှာချင်ပါတယ်ကွယ်။ ။

မြန်မာ့အလင်း
သတင်းပဒေသာ အတိုအထွာ
ရန်ကုန် မတ် ၄

ကြံခင်းအသင်း(ရန်ကုန်) မဂ္ဂဇင်းအတွက် စာမူများပေးပို့နိုင်

ကြံခင်းမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်(၆၀)ပြည့် အထိမ်းအမှတ် နှစ်ပတ်လည် မဂ္ဂဇင်းထုတ်ဝေမည်ဖြစ်ရာ ကဗျာ၊ ကာတွန်း၊ ဆောင်းပါး၊ သုတ၊ ရသစာပေများကို ရေးသားပေးပို့လိုပါက ဧပြီ ၃၀ရက် နောက်ဆုံးထား၍ ဖုန်း-၀၁-၆၃၆၇၈၀၊ ၆၆၃၄၈၉ နှင့် ၅၄၁၀၆၅တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။

ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲ အားပေးကြည့်ရှုနိုင်

မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်က ကျင်းပသည့် ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲကို သုဝဏ္ဏ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်၌ နေ့စဉ် နံနက် ၈နာရီမှစ၍ ကျင်းပလျက်ရှိရာ မတ် ၇ရက်အထိ ပြိုင်ပွဲများ ကျင်းပမည်ဖြစ်ပြီး ပိုက်ကျော်ခြင်း အားကစားဝါသနာရှင်များ အခမဲ့လာရောက် ကြည့်ရှုအားပေးနိုင်သည်။

ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဒေါက်တာထွန်းလွင်ဟောပြောမည်

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်ကျင်းပ၍ ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ဒေါက်တာထွန်းလွင်(မိုး/ဇလ)(ငြိမ်း)က ဟောပြောမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်သည်။

ကုန်သည်/စက်မှု အသင်းချုပ်၌ ဟောပြောပွဲကျင်းပမည်

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်က ကျင်းပသော လစဉ် ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲကို မတ် ၁၃ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ် ၂၉ရှိ UMFCCI Office Tower (ပထမထပ်)၌ ကျင်းပမည်ဖြစ်ရာ ဒေါက်တာမောင်မောင်စိုးက ဆွေးနွေးမည်ဖြစ်သည်။

မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ ဟောပြောပွဲ တက်ရောက်နိုင်

မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့က ကြီးမှူး၍ Bio-technology Forum ဟောပြောပွဲကို မတ် ၆ရက် (စနေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမ(ဘီ)၌ ကျင်းပမည်ဖြစ်ပြီး ဆေးတက္ကသိုလ်(၁) အဏုဇီဝဗေဒဌာန ပါမောက္ခ ဌာနမှူး ဒေါက်တာကြည်ကြည်သင်းနှင့် ဇီဝဓာတုဗေဒဌာန ပါမောက္ခ ဌာနမှူး ဒေါက်တာဦးမျိုးဝင်းတို့က ဟောပြောကြမည်ဖြစ်ရာ စိတ်ဝင်စားသူများ အခမဲ့ တက်ရောက်နိုင်သည်။

ကျောက်တန်းမြို့နယ်အသင်း သက်ကြီးပူဇော်ပွဲ

ကျောက်တန်းမြို့နယ်အသင်း၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် လက်ဝဲမင်းဒင်လမ်း မြို့နယ်အသင်းမှော်ရုံ၌ ဧပြီ ၄ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်ရာ ဖုန်း-၅၇၀၈၅၉နှင့် ဖုန်း-၂၉၀၇၇၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ရှားပါးစာအုပ်အရောင်းပွဲ ခင်းကျင်းရောင်းချမည်

စာပေချစ်မြတ်နိုးသူများအတွက် ရှားပါးစာအုပ်ကောင်းများကို ပြသရောင်းချပေးသည့် စာအုပ်အရောင်းပွဲကို ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်း အမှတ် ၂၈၆ (ပထမထပ်)ရှိ ပန်းဆိုးတန်း အနုပညာခန်းမ၌ မတ် ၉ရက် (အင်္ဂါနေ့)အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ရောင်းချပေးလျက်ရှိသည်။

ကလေးများအတွက် စက်ရုပ်တပ်ဆင်မှု သင်တန်းဖွင့်မည်

အသက် ၅နှစ်မှ ၁၄နှစ်အတွင်းရှိ ကလေးများအတွက် တီထွင်ဖန်တီးမှု စွမ်းရည် တိုးတက်ရရှိစေရန် သိပ္ပံလက်တွေ့ စမ်းသပ်မှုနှင့် စက်ရုပ်တပ်ဆင် ထုတ်လုပ်မှု သင်တန်းကို A+ Science World မှ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ဖွင့်လှစ်မည်ဖြစ်ရာ တက်ရောက်လိုပါက ဖုန်း-၀၉-၅၀-၄၇၄၃၃သို့ ဆက်သွယ်နိုင်သည်။ ။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ- ဝင်းကျော်

မြန်ပြည်တစ်လွှား မီးမပွားရေး တားဆီးပေး

ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းပို့ချမည်

ရန်ကုန် မတ် ၄

မြန်မာနိုင်ငံဆရာဝန်အသင်း Project Management Unit က ကြီးမှူး ဖွင့်လှစ်မည့် Leadership and Management for medical professionals (Advanced) သင်တန်းကို မတ် ၈ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် အမှတ်၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင် (ဘီ)၌ ကျင်းပမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများသည် မြန်မာနိုင်ငံဆရာဝန် အသင်းရုံး ဖုန်း-၃၈၀၈၉၉၊ ၃၉၄၁၄၁ (လိုင်းခွဲ၁၁၉)တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း၊ သင်တန်းရက်များမှာ မတ် ၈ရက်၊ ၁၀ရက်၊ ၁၁ရက်၊ ၁၂ရက်များတွင် ပို့ချမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာသတင်းအချက်အလက်နည်းပညာကော်ပိုရေးရှင်းလီမိတက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၄

မြန်မာသတင်းအချက်အလက်နည်းပညာကော်ပိုရေးရှင်းလီမိတက်၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် အဋ္ဌမအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို မတ် ၆ ရက် (စနေနေ့) နံနက် ၉ နာရီအစား နံနက် ၈ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ Myanmar Info-tech အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အစည်းအဝေးတက်ရောက်မည့် အစုရှယ်ယာရှင်များသည် နံနက် ၇နာရီခွဲ အရောက် နေရာယူကြရန်နှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၆၅၂၂၇၂၊ ၆၅၂၂၇၃၊ ၆၅၂၂၇၄၊ ၆၅၂၂၇၈၊ ၆၅၂၂၇၉ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

ကတ္တရာခင်း

ကန်ကြီးထောင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဗိုလ်ချုပ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၅ရက်က အမှုဆောင်အရာရှိ ဦးလှသိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန့်ဇင်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)



သဘာဝဘေးအန္တရာယ် သုတအက်ဆေး

ဟေတီ၊ ချီလီနှင့် ငလျင်အန္တရာယ် သိမှတ်ဖွယ်

မြင့်မောင်စိုး ကိုးကားတင်ပြသည် ➢ စာမျက်နှာဖွဲ့စည်းမှု - ခင်သန္တာသိန်း(မြန်မာ့အလင်း)

နေပြည်တော် မတ် ၄

ယခုတလော ဟေတီနိုင်ငံ၌လည်းကောင်း၊ ချီလီနိုင်ငံ၌လည်းကောင်း ပြင်းထန်သော ငလျင်ကြီးများလှုပ်ခဲ့ရာ သေကျေပျက်စီးမှု အများအပြားဖြစ်ပေါ်ခဲ့သည်။ တစ်ဖန် မတ် ၄ရက်တွင်လည်း ချီလီနိုင်ငံ၌ ငလျင်တစ်ကြိမ် ထပ်မံလှုပ်ခဲ့ပြန်သည်။ ထို့အပြင် တရုတ်(တိုင်ပေ)၌လည်း ဤနေ့၌ပင် ငလျင်လှုပ်ခဲ့ပြန်သည်။ ထို့ကြောင့်ပင် ငလျင်လှုပ်ရခြင်း အကြောင်းရင်းကို ပြည်သူအများ စိတ်ဝင်စားနေပေလိမ့်မည်။

ငလျင်ဆိုသည်မှာ

ငလျင်ဆိုသည်မှာ ကမ္ဘာ့ကျောက်ထုလွှာ အက်ကွဲပြိုကျမှုကြောင့်ဖြစ်စေ၊ မီးတောင်များ ပေါက်ကွဲမှုကြောင့်ဖြစ်စေ၊ အခြားသောအရာဝတ္ထုတစ်ခု မြေပြင်သို့ ပြင်းထန်စွာ ဆောင့်မိခြင်းကြောင့်ဖြစ်စေ ကမ္ဘာ့အပေါ်ယံမြေလွှာ တုန်လှုပ်ခြင်းကို ငလျင်လှုပ်သည်ဟု ဆိုခြင်းဖြစ်သည်။

ချီလီနိုင်ငံအလယ်ပိုင်း တယ်လ်ကာဟွာနိုမြို့၌ ဖေဖော်ဝါရီ ၂၇ရက်က လှုပ်ခဲ့သောငလျင်ကြောင့် ပျက်စီးနေသည့် နေအိမ်များ····။

ငလျင်တစ်ခုစတင်ရာအမှတ်ကို ငလျင်ဗဟိုချက် (Focus) ဟုခေါ်ပြီး ငလျင်ဗဟိုချက် အပေါ်တည့်တည့် မြေပြင်ပေါ်ရှိအမှတ်ကို ငလျင်ဗဟိုထိပ် (Epicentre)ဟု ခေါ်သည်။ ငလျင်ဗဟိုချက်၏ တည်နေရာသည် မြေအောက်ပိုင်းအနည်းငယ်မှ မိုင်ပေါင်းရာနှင့်ချီ၍ နက်ရှိုင်းတတ်သည်။ မြေငလျင်ဗဟိုထိပ်သည် ငလျင်ဗဟိုချက်နှင့် အနီးဆုံးဖြစ်လျှင် ငလျင်ဒဏ်ကို အခံရဆုံးဖြစ်ပြီး ငလျင်ဗဟိုချက်နှင့်ဝေးလေလေ ငလျင်ပြင်းထန်မှု အင်အား လျော့နည်းလေလေဖြစ်သည်။

ရှေ့ပြေးငလျင်

အင်အားပြင်းထန်သော ငလျင်ကြီးတစ်ခုမလှုပ်မီ အများအားဖြင့် ငလျင်ငယ်များ လှုပ်ရှားတတ်သည်။ ယင်းငလျင်များကို ရှေ့ပြေးငလျင် (Fore Shocks)ဟုခေါ်သည်။ ရှေ့ပြေးငလျင်၏ ပြင်းအားပမာဏကို သတ်မှတ်၍မရပေ။ တစ်ခါတစ်ရံ ငလျင်ကြီးများ ပြင်းထန်စွာ ရုတ်ချည်းလှုပ်တတ်ပြန်ပြီး ယင်းအဖြစ်အပျက်မျိုးရှေ့၌ ရှေ့ပြေးငလျင်များ လှုပ်မှုကို မတွေ့ရပေ။

နောက်ဆက်တွဲငလျင်

အင်အားကြီးမားသော ငလျင်ကြီးများလှုပ်ပြီးတိုင်း နောက်ဆက်တွဲ ငလျင်ငယ်လေးများ (After- Shocks) လှုပ်တတ်လေ့ရှိသည်။

ဆူနာမီငလျင်လှိုင်းများ

မဟာပထဝီမြေကြီးကို ဗဟိုပြုပြီးလှုပ်သောငလျင်ကို မြေငလျင်ဟုဆိုသော်လည်း ပင်လယ်၊ သမုဒ္ဒရာကြမ်းပြင်အောက်ဗဟိုပြုလျက်လှုပ်သော ငလျင်များသည် ဆူနာမီဟု ခေါ်သည်။ ဆူနာမီကို ဂျပန်ဘာသာဖြင့် ဆူနာမီ(Tsunami)ဟုခေါ်သည်။ မြေငလျင်သည် အိုးအိမ်တိုက်တာများ ပြိုကျပျက်စီးပြီး အသေအပျောက်များ ဖြစ်ပေါ်နိုင်သကဲ့သို့ ဆူနာမီသည်လည်း ကမ်းရိုးတန်းဒေသနေ မြို့ရွာများကို ရေလွှမ်းခံရပြီး ထိခိုက်သေကျေ ပျက်စီးမှုများ ဖြစ်ပေါ်စေနိုင်သည်။

ငလျင်ပြင်းအား

ငလျင်ပြင်းအားကိုဖော်ပြရာတွင် စကေးနှစ်ခုရှိသည်။ ယင်းတို့မှာ မာကယ်လီစကေးနှင့် ရစ်ချ်တာစကေးတို့ ဖြစ်ကြသည်။ မာကယ်လီစကေးကို အီတလီ ငလျင် အတတ်ပညာရှင် မာကယ်လီက တီထွင်ခဲ့ပြီး ၁၉၃၁ခုနှစ်တွင် အမေရိကန်ပညာရှင်များဖြစ်သည့် ဝုဒ် (Wood)နှင့် နူမန်း(Neuman)တို့က ပြင်ဆင်ခဲ့သည်။ ယင်းစကေးသည် ပြင်းထန်မှု အင်အားကို အတန်းများဖြင့် နှိုင်းယှဉ်ဖော်ပြသော စကေးဖြစ်သည်။ ယင်းစကေးအရ ငလျင်အဆင့် ၁၂ဆင့်ရှိသည်။ နောက်ဆုံးအဆင့်များသည် ငလျင်ပြင်းအားကြီးသည့် ပျက်စီးမှုများပြားသော အဆင့်တိုင်းတာချက်များဖြစ်သည်။

ရစ်ချ်တာစကေး (Richter Scale)

ရစ်ချ်တာစကေးကို Charles Richter နှင့် Beno Gutenberg တို့ သိပ္ပံပညာရှင်နှစ်ဦးက ၁၉၃၆ ခုနှစ်တွင် တီထွင်ခဲ့ကြောင်း သိရသည်။ ယင်းရစ်ချ်တာစကေးသည် ယခုခေတ်တွင် အသုံးများသည်။

ငလျင်အင်အားပမာဏပြင်းထန်မှုအလိုက် ငလျင်များကို အောက်ပါအတိုင်း အတန်းအစားခြောက်မျိုး ခွဲခြားသတ်မှတ်နိုင်သည်-

အမျိုးအစား	အင်အားပမာဏ
အလွန်ပြင်းထန်	ရစ်ချ်တာစကေး ၇ ဒသမ ၅ မှအထက်
ပြင်းထန်	ရစ်ချ်တာစကေး ၆ ဒသမ ၀ မှ ၇ ဒသမ ၅
အင်အားအသင့်အတင့်	ရစ်ချ်တာစကေး ၅ ဒသမ ၀ မှ ၆ ဒသမ ၀
အင်အားအနည်းငယ်	ရစ်ချ်တာစကေး ၅ ဒသမ ၀ အောက်

ငလျင်အင်အား ပမာဏ ၄ ထက်ကြီးလျှင် ပျက်စီးမှုများ စတင်ဖြစ်ပေါ်နိုင်သည်။ အများအားဖြင့် ငလျင်အင်အား ပမာဏကြီးလေ ပျက်စီးမှုများလေဖြစ်သည်။ သို့သော်လည်း ငလျင်ဖြစ်ပေါ်ရာ ဗဟိုနှင့် မြို့ရွာများနီးလျှင် ပျက်စီးမှု များပြားနိုင်သည်။ ငလျင်ဖြစ်ပေါ်ရာ ဒေသနှင့် ဝေးလျှင် ပျက်စီးမှု နည်းပါးနိုင်သည်။ ငလျင်အင်အားပမာဏနည်းသော်လည်း မြို့ရွာများနှင့် အနီးဆုံးဖြစ်နေလျှင် ပျက်စီးမှုများနိုင်သည်။ တစ်ဖန် ငလျင်ပမာဏကြီးသော်လည်း မြို့ရွာများနှင့် အလွန်ဝေးကွာလျှင် ပျက်စီးထိခိုက်မှု နည်းသည်ဟု ပညာရှင်များက ဆိုထားသည်။

ဟေတီငလျင်

ဟေတီနိုင်ငံတွင် ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၂ရက်က လှုပ်ခဲ့သော ငလျင်သည် ငလျင်ပြင်းအား ၇ဒသမ ၀ရှိသည်။ မြို့တော် ပို့အော်ပရင့်စ်နှင့် အနီးဆုံးဖြစ်၍ ထိခိုက်သေကျေပျက်စီးမှု အလွန်များပြားခဲ့သည်။ ယင်းငလျင်ကြောင့် လူဦးရေ ၂၂၂၅၁၇ဦး သေဆုံးခဲ့ပြီး ၃၀၀၀၀၀ခန့် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ လူဦးရေ တစ်သန်းကျော် ငလျင်ဒဏ်ခံရပြီး နေအိမ် ၉၇၂၉၄လုံး ပြိုကျပျက်စီးခဲ့ရသည်။ မြို့တော် ပို့အော်ပရင့်စ်၌ ထိခိုက်ပျက်စီးမှု အများဆုံး ဖြစ်ပေါ်ခဲ့သည်။ ယင်းငလျင်ကြောင့် အချို့ဒေသများ၌ ဆူနာမီဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ဟေတီနိုင်ငံ ပို့အော်ပရင့်စ်မြို့၌ ငလျင်လှုပ်မှုကြောင့် ပျက်စီးနေသော အဆောက်အအုံများ။

ချီလီငလျင်

ချီလီနိုင်ငံအလယ်ပိုင်း၌ ဖေဖော်ဝါရီ ၂၇ရက်က ငလျင်ပြင်းအား ၈ဒသမ ၈ရှိ ငလျင်ကြီးလှုပ်ခဲ့ရာ နှစ်ပေါင်း ၂၀၀အတွင်း ကမ္ဘာ့အပြင်းထန်ဆုံး မြေငလျင်ဖြစ်ခဲ့သည်။ ယင်းငလျင်ကြောင့် ငလျင်ဗဟိုနှင့် နီးသော ဒီချာတို၊ တယ်ကာဟွာနိုနှင့် ကွန်စတီကျူရှင်းတို့၌ နေအိမ်တိုက်တာအများအပြား ပြိုကျပျက်စီးခဲ့ရသည်။ ယင်းငလျင်ကြောင့် ဒေသအချို့ ဆူနာမီဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ ၄င်းငလျင်ကြောင့် ချီလီနိုင်ငံတွင် လူ ၈၀၀ နီးပါး သေဆုံးခဲ့ပြီး အများအပြား ထိခိုက်ဒဏ်ရာရခဲ့သည်။ ချီလီနိုင်ငံ အလယ်ပိုင်းတွင် လွန်ခဲ့သော သီတင်းပတ်က ယင်းငလျင်ကြီးလှုပ်ခဲ့ပြီးနောက် မတ် ၄ရက်က ငလျင်ပြင်းအား ရစ်ချ်တာစကေး ၅ဒသမ ၅ရှိ ငလျင်အလတ်စား ထပ်မံလှုပ်ခဲ့ပြန်သည်။ ယင်းငလျင်ကြောင့် ဆန်တီယာဂိုမြို့အပါအဝင် မြို့ကြီးအချို့ ထိခိုက်မှုဖြစ်ပေါ်ပြီး ဆူနာမီ သတိပေးနှိုးဆော်ချက်များ ထုတ်ပြန်ထားခဲ့ရသည်။

တရုတ်(တိုင်ပေ)ငလျင်

ထိုမတ် ၄ရက်၌ပင် တရုတ်(တိုင်ပေ)တွင်လည်း ငလျင်ပြင်းအား ရစ်ချ်တာစကေး ၆ ဒသမ ၄ရှိ ငလျင်ကြီးလှုပ်ခဲ့သည်။ ယင်းငလျင်လှုပ်မှုကြောင့် တိုင်နန်တောင်ပိုင်းရှိ အထည်ချုပ်စက်ရုံတစ်ရုံအပါအဝင် မီးလောင်မှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ထိုနေ့၌ပင် အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ်နှင့် မြောက်ဆူလာဝေစီပြည်နယ်တို့တွင်လည်း ရစ်ချ်တာစကေး ၅ဒသမ ၃နှင့် ရစ်ချ်တာစကေး ၅ဒသမ ၂ရှိ ငလျင်ငယ်များ အသီးသီးလှုပ်ခဲ့ကြောင်း သိရသည်။

ငလျင်ရပ်ဝန်းများ

ဤသို့သော ငလျင်များလှုပ်ခဲ့မှုကြောင့် ငလျင်ရပ်ဝန်းများ တည်ရှိရာဒေသများကိုလည်း သိရှိရန် လိုအပ်လာပေသည်။ ကမ္ဘာပေါ်တွင် ငလျင်ရပ်ဝန်း သုံးမျိုးရှိသည်။ ၄င်းတို့မှာ ၁။ သက်နှောင်းတွန့်ခေါက်တောင်တန်း ၂။ သမုဒ္ဒရာအလယ်တောင်ရိုး ၃။ တိုက်ကြီးများအစွန်းတစ်လျှောက်ရှိ ပင်လယ်ချောက်များနှင့် ကျွန်းတန်းကွေ့များ ဖြစ်သည်။

သက်နှောင်းတွန့်ခေါက်တောင်တန်းများနှင့် တိုက်ကြီးများ အစွန်းတစ်လျှောက်ရှိ ပင်လယ်ချောက်များ၊ ကျွန်းတန်းကွေ့များသည် မြေထုချပ်ကြီးများဆုံစည်းရာ နေရာဖြစ်ပြီး ဖိသိပ်မှုများသောကြောင့် ငလျင်များ လှုပ်ရခြင်းဖြစ်သည်။ သမုဒ္ဒရာအလယ်တောင်ရိုးနေရာများသည် မြေထုချပ်ကြီးများ ကွဲကွာနေရာဖြစ်ပြီး ဆွဲဆန့်မှုများသောကြောင့် ငလျင်လှုပ်ရခြင်းဖြစ်သည်။

သမုဒ္ဒရာအလယ်တောင်ရိုးတစ်လျှောက်၌ လှုပ်သောငလျင်များသည် အများအားဖြင့် ငလျင်ငယ်များသာဖြစ်ကြပြီး ကုန်းမြေနှင့် အလှမ်းဝေးသဖြင့် လူသားတို့အား ဆိုးကျိုးမဖြစ်နိုင်ပေ။ လူ့လောကကို အများဆုံး ပျက်စီးစေနိုင်သော ငလျင်ကြီးများ လှုပ်သောနေရာများမှာ ပစိဖိတ်အနားပတ်လည် ငလျင်ရပ်ဝန်း(Circum Pacific Seismic Belt)နှင့် အယ်လ်ပိုက်ငလျင်ရပ်ဝန်း (Alpide Seismic Belt)တို့ ဖြစ်ကြသည်။

ပစိဖိတ်အနားပတ်လည် ငလျင်ရပ်ဝန်းသည် ပစိဖိတ်သမုဒ္ဒရာအနားအစွန်း တစ်ပတ်လုံးဖြစ်ပြီး ယင်းရပ်ဝန်း၌ ငလျင်ကြီးများ မကြာခဏ လှုပ်တတ်သော ဖိလစ်ပိုင်ကျွန်းစု၊ ဂျပန်ကျွန်းစု၊ ကမ်ချက်ကာကျွန်းဆွယ်၊ အလူးရှင်းကျွန်းစု၊ အလက်စကားပြည်နယ်၊ ကယ်လီဖိုးနီးယားပြည်နယ်၊ ပီရူးနိုင်ငံနှင့် ချီလီနိုင်ငံတို့ ပါဝင်ကြသည်။ ကမ္ဘာပေါ်တွင် လှုပ်ခဲ့သော ငလျင်အားလုံး၏ ၉၀ရာခိုင်နှုန်းမှာ ပစိဖိတ်အနားပတ်ရပ်ဝန်း၌ ကျရောက်ကြောင်း တွေ့ရှိရသည်။

အယ်လ်ပိုက်ငလျင်ရပ်ဝန်းသည် သက်နှောင်းတွန့်ခေါက်တောင်တန်းများဖြစ်ကြသော အလယ်ပိုင်း ဟိမဝန္တာတောင်တန်းများနှင့် အင်ဒိုနီးရှားကျွန်းစုတစ်လျှောက် ကျရောက်နေပြီး ယင်းရပ်ဝန်းများ၌ ငလျင်ကြီးများ လှုပ်တတ်သော နိုင်ငံများမှာ အီတလီ၊ တူရကီ၊ အီရန်၊ ဗလူချီစတန်၊ အင်ဒိုနီးရှားကျွန်းစုနှင့် မြန်မာနိုင်ငံတို့ ပါဝင်လေသည်။ ထို့ကြောင့်လည်း ထိုနိုင်ငံတို့၌ ငလျင်သဘာဝဘေးအန္တရာယ်မှာ မကြာခဏ ကျရောက်နိုင်ကြောင်း လေ့လာတွေ့ရှိရသည်။

ထို့ကြောင့်ပင် မြန်မာနိုင်ငံသည်လည်း ငလျင်ရပ်ဝန်းတွင် ပါဝင်နေခြင်းကြောင့် သတိပြုအပ်ပေသည်။ မြန်မာနိုင်ငံတွင် အနောက်ရိုးမ ငလျင်ရပ်ဝန်း၊ ဗဟိုချိုင့်ဝှမ်း ငလျင်ရပ်ဝန်း၊ စစ်ကိုင်းတကောင်းတောင်တန်းရပ်ဝန်း၊ ရှမ်းကုန်းပြင်မြင့်ရပ်ဝန်းနှင့် တနင်္သာရီရပ်ဝန်းဟူ၍ ရှိကြောင်း မှတ်တမ်းများ၌ လေ့လာတွေ့ရှိရသည်။

မြန်မာနိုင်ငံနှင့် ငလျင်

မြန်မာနိုင်ငံတွင် အဓိက ထိခိုက်ပျက်စီးမှုများခဲ့သော ငလျင်ကြီး သုံးကြိမ် လှုပ်ခဲ့ဖူးကြောင်း လေ့လာတွေ့ရှိရသည်။ ယင်းငလျင်များမှာ ပဲခူးငလျင်၊ စစ်ကိုင်းငလျင်နှင့် ပုဂံငလျင်တို့ဖြစ်သည်။ ပဲခူးငလျင်ကြီးသည် ၁၉၃၀ပြည့်နှစ် မေ ၅ရက်က လှုပ်ခဲ့ခြင်းဖြစ်သည်။ ရစ်ချ်တာစကေး ၇ဒသမ ၃ရှိသည်။ ပဲခူးငလျင်ကြောင့် လူ ၅၀၀ကျော် သေဆုံးခဲ့ပြီး ရန်ကုန်မြို့၌လည်း အဆောက်အအုံများ ပြိုကျပျက်စီးခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။

စစ်ကိုင်းငလျင်

စစ်ကိုင်းငလျင်မှာ ၁၉၅၆ခုနှစ် ဇူလိုင် ၁၆ရက်က လှုပ်ခဲ့ခြင်းဖြစ်သည်။ ရစ်ချ်တာစကေး ၆ဒသမ ၅ရှိသည်။ ယင်းငလျင်ကြောင့်လည်း ထိခိုက်သေဆုံးမှုများခဲ့ကြောင်း သိရသည်။

ပုဂံငလျင်

ပုဂံငလျင်မှာ ၁၉၇၅ခုနှစ် ဇူလိုင် ၈ရက် ညနေပိုင်း၌ လှုပ်ခဲ့ခြင်းဖြစ်သည်။ ငလျင်ပြင်းအားမှာ ၆ဒသမ ၈ရှိသည်။ ယင်းငလျင်ကြောင့် ပုဂံမြို့၌ ထိခိုက်ပျက်စီးမှု များခဲ့ပြီး သမိုင်းဝင် စေတီပုထိုးအများအပြား ပျက်စီးခဲ့ရသည်။

ထို့ကြောင့်ပင် ငလျင်သဘာဝဘေးအန္တရာယ်ဆိုးကြီးကို လူတိုင်းသတိပြုရန် လိုအပ်လာသည်။ ငလျင်ဘေးအန္တရာယ် မကျရောက်မီ ငလျင်ကြိုတင် သတိပေးမှုများ သိရှိရန် လိုအပ်လာသည်။ ငလျင်ကြီးများမလှုပ်မီ ရှေ့ပြေးငလျင်ငယ်များ လှုပ်မှုမှာလည်း သတိထားဆင်ခြင်စရာပင် ဖြစ်သည်။

နေကြတ်ပြီးတိုင်း ငလျင်ကြီးလှုပ်တတ်လေ့ရှိကြောင်း နက္ခတ္တဗေဒပညာရှင် ဇက်ကိုင်အဲလ် (အေဒီ ၁၈၃၄)က ဆိုခဲ့သည်။ ယင်းအဆိုအရ ယခုနှစ်အတွင်း နေကြတ်ခြင်း ဖြစ်ပေါ်ခဲ့လေသည်။ လွန်ခဲ့သော ဇန်နဝါရီလ ၁၅ရက်က နေကြတ်ခြင်း ဖြစ်ပေါ်ခဲ့သည်။ နေကြတ်ခြင်းနှင့် ငလျင်သည် ဆက်စပ်မှုရှိကြောင်း ယခုလှုပ်ခဲ့သော ဟေတီနှင့် ချီလီငလျင်များက သက်သေပြနေသည်မှာ အံ့သြစရာကောင်းလှသည်။

မည်သို့ပင် ရှိစေကာမူ မကြာမီက လှုပ်ခဲ့သော ငလျင်ကြီးများနှင့် စပ်လျဉ်း၍ ငလျင်အကြောင်း တစေ့တစောင်း လေ့လာသိရှိနိုင်ရန်နှင့် သဘာဝဘေးအန္တရာယ်ဆိုးကြီးကို ပြည်သူတို့ သတိပြုမိစေရန် လေ့လာတင်ပြလိုက်ရခြင်းဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်သတင်းများ
မျိုးသူ (စစ်ကိုင်း)၏ ငလျင် သို့မဟုတ်
အနီးအနားက အကြီးမားဆုံး သဘာဝဘေးအန္တရာယ်စာအုပ်

စိတ်ကျန်းမာရေးဆေးရုံကြီး(ရန်ကုန်) လူနာများအတွက် စားသောက်ဖွယ်ရာများလှူဒါန်း

ရန်ကုန် မတ် ၄

စိတ်ကျန်းမာရေးဆေးရုံကြီး(ရန်ကုန်)ရှိ ဝန်ထမ်းများနှင့် လူနာ ၉၅၀အတွက် မွေးနေ့အထိမ်းအမှတ်အဖြစ် အလှူရှင် မောင်ဝေယံဟိန်း(ခ)ဝီလျံက KSS နို့စိမ်းနတ်သုဒ္ဓါ အစိမ်းပေါင်းဒံပေါက် စားသောက်ဖွယ်ရာများကို မတ် ၁ရက်က သွားရောက်လှူဒါန်းရာ စိတ်ကျန်းမာရေးဆေးရုံကြီး(ရန်ကုန်) ဆေးရုံအုပ်ကြီး ဒေါက်တာ ထွန်းနေအောင်က ကျေးဇူးတင်စကားပြောကြားပြီး မွေးနေ့အလှူရှင် KSS မိသားစုအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ **(ယာပုံ)** **(သတင်းစဉ်)**

ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်းချက်ပြုတ်ခြင်း မပြုစေရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးညဏ်ဝင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာနဝန်ကြီး H.E.Mr. Wang Jiarui ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံစဉ်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာနဝန်ကြီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ထွက်ခွာ

ရန်ကုန် မတ် ၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာန ဝန်ကြီး H.E.Mr. Wang Jiarui ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့မွန်းလွဲ ၂နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

အဆိုပါချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးမောင်ပါနှင့်တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ညပိုင်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးအောင်သိန်းလင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာနဝန်ကြီး H.E.Mr. Wang Jiarui ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာနဝန်ကြီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးဉာဏ်ထွန်းအောင်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် တာဝန်ရှိသူများအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်ရုံးသို့ သွားရောက် တွေ့ဆုံသည်။

ယင်းနောက် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ကြည့်ရှုလေ့လာ

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာနဝန်ကြီး H.E.Mr. Wang Jiarui ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးညဏ်ဝင်းအား နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ သွားရောက်တွေ့ဆုံပြီး နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အဆောက်အအုံ တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

အဆိုပါ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် နေပြည်တော်မှ ရန်ကုန်မြို့သို့ ရောက်ရှိလာပြီး ညပိုင်းတွင် လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့သို့ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

ယခုအပတ်ထုတ် TV Guide ဖြန့်ချိ

ရန်ကုန် မတ် ၄

TV Guide အတွဲ ၁၊ အမှတ် ၃၅ကို မတ် ၅ရက် (သောကြာနေ့)တွင် စတင်ဖြန့်ချိလိုက်ပြီဖြစ်ကြောင်း သိရသည်။ ယင်း TV Guide စာစောင်တွင် MTV ရုပ်သံလိုင်းတွင် ပြသမည့် အောင်မြင်ကျော်ကြားလူကြိုက်များသည့် My name is Kham နှင့် ပတ်သက်သည့် Shah Rukh Kham နှင့် Kajol တို့၏ ပျော်ရွှင်ဖွယ်နယူးယောက်ခရီးစဉ်၊ Channel V ရုပ်သံလိုင်းတွင်ပြသမည့် Mariah Carrey ၏ အယ်လ်ဘမ်အသစ်ကို ထုတ်လွှင့်မည့် V Tunes အစီအစဉ်၊ လူငယ်များအကြား ရေပန်းစားနေသည့် Justin Bieber ၏ One Time သီချင်းအကြောင်း၊ Star Movies ရုပ်သံလိုင်းတွင် မြန်မာစာတန်းထိုးဖြင့် ပြသမည့် 1408, Rain Man, Australia ဇာတ်ကားများအကြောင်း၊ Star World ရုပ်သံလိုင်း၏ အစီအစဉ်သစ်ဖြစ်သည့် WhoseLine is it Anyway ဟာသ စီးရီးအကြောင်း၊ ESPN နှင့် Star Sports ရုပ်သံလိုင်းများတွင် တိုက်ရိုက်ထုတ်လွှင့်ပြသမည့် အာဆင်နယ်-ဘန်လေ၊ အဲဗာတန်-ဟူးလ်စီးတီး၊ ဝုဗ်-မန်ယူစသည့် EPL ပွဲစဉ်များ၊ ဖူလ်ဟမ်-တော့တင်ဟမ်၊ ချယ်လ်ဆီး-စတုတ်၊ ရီဒင်း-ဗီလာ၊ ပို့စ်မောက်-ဘာမင်ဂမ် စသည့် FA ပွဲစဉ်များ၏ ပွဲကြိုသုံးသပ်ချက်များ၊ Animal Planet ရုပ်သံလိုင်းတွင် မြန်မာနောက်ခံစကားပြောဖြင့် ပြသမည့် In Search of Komodo Dragon အစီအစဉ်နှင့် Human Prey အစီအစဉ်အကြောင်း၊ Travel & Living ရုပ်သံလိုင်းတွင် မြန်မာနောက်ခံစကားပြောဖြင့် ပြသမည့် Getaway နှင့် Seoul Far Seoul Good အစီအစဉ်အကြောင်း၊ အစီအစဉ်အားလုံးကို မြန်မာစာတန်းထိုးများဖြင့် ပြသနေသည့် NGC ရုပ်သံလိုင်း၏ အစီအစဉ်များ၊ Discovery ရုပ်သံလိုင်းတွင် မြန်မာစာတန်းထိုးဖြင့် ပြသမည့် Terror in Mumbai နှင့် Somali Pirate Takedown အစီအစဉ်အကြောင်း၊ မန္တလေး FM တွင် တင်ဆက်ပေးမည့် စီးရီးသစ်အညွှန်းအစီအစဉ်တွင် တေးသံရှင် နေမင်းထူး၏ ပြောဦးမယ် စီးရီးသစ်အကြောင်း၊ MRTV-4 ရုပ်သံလိုင်းတွင်ပြသမည့် စကားများများ ပြောတာကောင်းတယ်၊ စကားများများ မပြောတာကောင်းတယ် အကြောင်းအရာကို စကားနပန်းဖြင့် အားစမ်းမည့် အစီအစဉ်စသည့် အကြောင်းအရာများ ပါဝင်ပြီး ပါဝင်နေကျကဏ္ဍများကို Higligh များ တင်ပြထားသည့်အပြင် တစ်ပတ်စာအစီအစဉ်များကို အသေးစိတ်ဖော်ပြထားသည်။

မိသားစုဝင်များ၏ အားလပ်ချိန်များကို တန်ဖိုးရှိရှိအသုံးချနိုင်ရန်နှင့် အစီအစဉ်ကောင်းများကို လက်မလွတ်စေရန် TV Guide စာစောင်ကို Novel Light Express ဖုန်း-၃၉၁၁၈၆၊ ၂၄၃၈၉၃ မှ ဖြန့်ချိလိုက်ပြီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၅-၃-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇း၃၀ ၂။ နံနက်ခင်းသတင်း
- ၇း၄၀ ၃။ အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
- ၇း၅၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၅။ ရိုးရာကျေးလက်ကစားနည်း
- ၈း၁၅ ၆။ အတီးပြိုင်ပွဲ
- ၈း၂၀ ၇။ မင်းတုန်းချောင်းတံတား
- ၈း၂၅ ၈။ (၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
- ၄း၁၅ ၃။ တေးဂီတအစီအစဉ်
- ၄း၂၅ ၄။ **ကဿာ-မိုးတားကြီး ရထားလမ်း**
- ၄း၃၀ ၅။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ
- ၄း၄၅ ၆။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ်(ဓာတုဗေဒ၊ရူပဗေဒ၊သတ္တဗေဒ၊ရုက္ခဗေဒ အထူးပြုများ)(ဓာတုဗေဒ)
- ၅း၀၀ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး တေးများ
- ၅း၀၅ ၈။ မြန်မာစာ၊ မြန်မာစကား
- ၅း၁၅ ၉။ နှောင်းခေတ်တေးပဒေသာ
- ၅း၂၅ ၁၀။ (၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၅း၃၅ ၁၁။ ပဋ္ဌလက်ကျောင်းတော်
- ၆း၀၀ ၁၂။ ညနေခင်းသတင်း
- ၆း၁၅ ၁၃။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၄။ ရသစုံလင် အင်တာနက်ဥယျာဉ်
- ၇း၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှောင်ဖွဲ့မေတ္တာ** (အပိုင်း-၁၆)
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကိုယ်ရံတော်** (အပိုင်း-၂၃)
- ၂၀။ သီချင်းချစ်သူ(BLue Berry)

မြန်မာလက်ဝှေ့ကျော်များနှင့် ယှဉ်ပြိုင်မည့် ထိုင်းလက်ဝှေ့သမားများ ရောက်ရှိ

မြန်မာ့ရိုးရာလက်ဝှေ့ကို စိတ်ဝင်စားမှုရှိသည့်အတွက် လာရောက် ထိုးသတ်ခြင်းဖြစ်ကြောင်း၊ ယခင်က ယှဉ်ပြိုင်ထိုးသတ်ဖူးခြင်းမရှိကြောင်း ပြောကြား

ရန်ကုန် မတ် ၄

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာ အားကစားအဖွဲ့ချုပ်ကကြီးမှူးပြီး Royal Club သောက်ရေသန့်၏ အဓိက ကူညီပံ့ပိုးမှုဖြင့် H&S Group က ဦးစိုင်းဇော်ဇော် (ဇော်ပစ်တိုင်းထောင်ဗီဒီယို) တာဝန်ယူစီစဉ်ကာ မတ် ၆ရက်နှင့် ၇ရက် ညနေ ၃နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ (၁)သုဝဏ္ဏ၌ ကျင်းပမည့် မြန်မာနှင့်ထိုင်း မြန်မာ့ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို လာရောက်ယှဉ်ပြိုင်ထိုးသတ်မည့် မွေထိုင်းလက်ဝှေ့အဖွဲ့သည် ယနေ့မွန်းလွဲ ၁နာရီခွဲက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

တလေးတစား

အဆိုပါ မွေထိုင်းလက်ဝှေ့အဖွဲ့အား မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ (ပြည်ပဆက်ဆံရေး) ဦးဝင်းဇင်ဦး၊ အလုပ်အမှုဆောင် ဦးဌေးဝင်း၊ ရုံးအဖွဲ့မှူး ဦးချစ်ကိုကိုတို့က ကြိုဆိုကြပြီး ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ကြယ်စင်စိုးမိုးက ပန်းစည်းကမ်း၍ နှုတ်ဆက်သည်။ ယှဉ်ပြိုင်ထိုးသတ်မည့် ကစားသမား ငါးဦးအပြင် နည်းပြ မစ္စတာ နာရောင်း၊ အသင်းအုပ်ချုပ်သူ ဖရင်းယာတို့ လိုက်ပါလာကြသည်။ ၄င်းအဖွဲ့သည် စင်ထရယ်ဟိုတယ်၌ တည်းခိုနေထိုင်ကာ ပြိုင်ပွဲကို ယှဉ်ပြိုင်ထိုးကြမည်ဖြစ်သည်။ ၄င်းတို့အား တွေ့ဆုံမေးမြန်းရာ "မြန်မာ့ရိုးရာလက်ဝှေ့ကို စိတ်ဝင်စားမှုရှိသည့်အတွက် လာရောက်ယှဉ်ပြိုင်ထိုးသတ်ခြင်းဖြစ်ကြောင်း၊ ယခင်က ယှဉ်ပြိုင်ထိုးသတ်ဖူးခြင်းမရှိကြောင်း၊ ပြိုင်ဆိုင်ရမည့် မြန်မာ့လက်ဝှေ့သမားများကိုလည်း ယခုရောက်ရှိလာပြီး မြန်မာ့အလင်းသတင်းစာတွင် ပါဝင်သည့် ပုံများအရသာ သိရှိရကြောင်း၊ မြန်မာ့ရိုးရာ လက်ဝှေ့ပွဲများကိုတော့ အခွေများဖြင့် ကြည့်ရှုဖူးပါကြောင်း၊ မိမိတို့ တလေးတစားယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း" ဟု ပြောကြားခဲ့သည်။

ရန်ကြီးအောင်နှင့် ယှဉ်ပြိုင်ထိုးသတ်မည့် နမ်ချုတ်ပက်ဆူပါပန်(ထိုင်း) ကို ယခုပြိုင်ပွဲနှင့် ပတ်သက်၍ စိတ်လှုပ်ရှားမှုရှိပါသလားဟု မေးမြန်းရာ ၄င်းက "လက်ဝှေ့ထိုးသတ်ခြင်းသည် မိမိ၏ အသက်မွေးဝမ်းကျောင်းအလုပ်ဖြစ်နေသည့်အတွက် စိတ်လှုပ်ရှားမှု မရှိပါကြောင်း၊ ပြိုင်ဘက်မြန်မာလက်ဝှေ့သမား၏အနေအထားကို ကြိုးဝိုင်းထဲတွင် ကြည့်ကာ အကောင်းဆုံး ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ မြန်မာပရိသတ်များက ယခုပွဲကြီးကို စိတ်ဝင်စားမှုရှိနေသည်ဟု သိရသဖြင့် ဝမ်းမြောက်ကျေနပ်မိပါကြောင်း၊ မိမိတို့ပွဲကို ပရိသတ် စိတ်ကြိုက်တွေ့စေရမည်" ဟု ပြောကြားသွားခဲ့သည်။

အခွင့်အရေး

သပြေညိုနှင့် ယှဉ်ပြိုင်မည့် ဦးဒုံဆွပ်ပို စမ်ရန်ချိုင်း (ထိုင်း)က "မိမိအနေဖြင့် မြန်မာ့ရိုးရာလက်ဝှေ့ပုံစံအတိုင်း ထိုးသတ်နိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ မိမိသိရသလောက်ဆိုရင် မွေထိုင်းနှင့် မြန်မာ့ရိုးရာလက်ဝှေ့က နည်းစနစ်ပိုင်း၌ ၉၀ ရာခိုင်နှုန်း တူညီမှုရှိနေသည်ဟု ထင်မြင်ပါကြောင်း" ဟု ပြောကြားသည်။ အသင်းအုပ်ချုပ်သူ မစ္စတာဖရင်းယာက "မြန်မာ့ရိုးရာလက်ဝှေ့၏ အနားတောင်းစနစ်ဆိုသည်ကို ကန့်ကွက်ရန်မရှိပါကြောင်း၊ ထိုစနစ်က မည်သည့်မာရှယ်အတ်ပြိုင်ပွဲတွင်မှ မရှိသေးသည့် ထူးခြားမှုဖြစ်ပါကြောင်း၊ မြန်မာလက်ဝှေ့သမားများအတွက်သာ မဟုတ်ဘဲ မိမိတို့ လက်ဝှေ့သမားများလည်း အခွင့်အရေးတူ ရရှိမည်ဖြစ်၍ တရားမျှတမှုရှိပြီး ပြိုင်ပွဲကို ပိုမိုကောင်းမွန်စေမည်ဟု ယူဆကြောင်း" ဟု ပြောကြားသွားခဲ့သည်။ ယခုလာရောက်သည့် လက်ဝှေ့သမား ငါးဦးတွင် စိုးလင်းဦးနှင့် ယှဉ်ပြိုင်မည့် ဖယား (ခ)နွမ်းစစ်နိုဝပ်၊ ရန်ဆက်နိုင်နှင့် ယှဉ်ပြိုင်မည့် ပက်စန်ဂွန် စစ်နီဝပ်တို့သည် ရာဂျာဒန်နန်ပြိုင်ပွဲရုံ၏ ဝိတ်တန်းအလိုက် ချန်ပီယံများဖြစ်ကြောင်း သိရသည်။ ။ **(မြန်မာ့အလင်း)**

မြန်မာလက်ဝှေ့သမားများနှင့် ယှဉ်ပြိုင်မည့် ထိုင်းလက်ဝှေ့သမားများကို ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ တွေ့ရစဉ်။ (မြန်မာ့အလင်း)

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ လင်းခေး၌ကျင်းပ

လင်းခေး မတ် ၄

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇နာရီက လင်းခေးမြို့ ပြည်ငြိမ်းအေးအားကစားကွင်း၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ၊ မြို့ပေါ် ရပ်ရပ်ကွက်ကွက်ရှိ ပြည်သူများနှင့် တိုင်းရင်းသား တိုင်းရင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံမှ ပေးပို့သော သဝဏ်လွှာကို ခရိုင်ဥက္ကဋ္ဌ ဦးကျော်ဆန်းက ဖတ်ကြားသည်။ **(ခရိုင် ပြန်/ဆက်)**

နေ့ညမဟူ သတိမူ ရန်သူမီးကိုသာ

ချန်ပီယံလိဂ် ၁၆ သင်းအဆင့် (ဒုတိယအကျော့)အကြို

ပေါ်တိုကို အနိုင်ရလိုစိတ်နဲ့ အောင်ပွဲရယူမယ့် အာဆင်နယ် အေစီတို့ အိုးထရက်ဖို့ဒ်မှာ ရလဒ်ကောင်းနိုင်ပါ့မလား

ထွန်းထွန်းဦး (လှိုင်) သုံးသပ်ရေးသားသည် — စာမျက်နှာဖွဲ့စည်းမှု ➤ လဲ့လဲ့ဝင်း (မြန်မာ့အလင်း)

ရန်ကုန် မတ် ၄

ချန်ပီယံလိဂ် ၁၆ သင်း ရှုံးထွက်ပွဲစဉ်တွေရဲ့ ဒုတိယအကျော့ပြိုင်ပွဲတွေမှာတော့ ပထမအကျော့က ရလဒ်မကောင်းခဲ့ကြတဲ့အသင်းတွေအနေနဲ့ အခြေအနေကောင်းအောင် ပြန်လုပ်ရတော့မှာပါ။ ဒါကြောင့် ပထမအကျော့ကထက် အခုပြိုင်ပွဲတွေဟာ ပိုပြီးတော့ အကြိတ်အနယ်ရှိလာမှာပါ။

ဆုံးရှုံးနိုင်

ပထမအကျော့မှာတော့ အင်္ဂလန် ကလပ်သုံးသင်းမှာ နှစ်သင်းက အိမ်ရှင်ပြိုင်ဘက်တွေဖြစ်တဲ့ ပေါ်တိုနဲ့ အင်တာမီလန်တို့ကို အရေးနိမ့်ထားတယ်။ မန်ယူကတော့ ရွန်နေရဲ့ အစွမ်းကြောင့် မီလန်လို အီတလီထိပ်သီးအသင်းကို အနိုင်ရလိုက်တယ်။ ဒါပေမယ့် ဒုတိယအကျော့မှာ ပေါ့ဆလို့မဖြစ်ဘူး။ တစ်ချက်လေး လက်လွတ်စပယ်ဖြစ်လိုက်တာနဲ့ ရပ်တည်မှုရော၊ နောက်တစ်ဆင့်ရောက်ဖို့ အခွင့်အရေးပါ ဆုံးရှုံးသွားနိုင်သေးတယ်။

အင်္ဂလန် သုံးသင်းစလုံးဟာ လတ်တလောမှာ ပွဲကျပ်၊ ပွဲဆက်တွေ ကစားထားရသလို ပွဲပယ်ခံရသူတွေလည်းရှိနေတော့ အိမ်ကွင်းအသီးသီးမှာ သူတို့လိုချင်တဲ့ဂိုးတွေ သွင်းပြနိုင်မလားဆိုတာ စိုးရိမ်စရာပါ။

ဘောလုံး အထိန်းအသိမ်း ကျွမ်းကျင်သေသပ်သော ဘေယန်မြူးနစ်မှ ရစ်ဘာရီ၏ ကစားဟန်။

နောက်တစ်ဆင့်တက်

နောက်ပြီး စပိန်ကလပ်သုံးသင်းစလုံးကလည်း ထူးခြားစွာနဲ့ပဲ နိုင်ပွဲပျောက်ပြီး ပထမအကျော့မှာ အောင်မြင်မှုတွေကို မယူနိုင်ခဲ့လို့ ဒုတိယအကျော့မှာ ပြိုင်ဘက်တွေကို ပြန်ပြီးအနိုင်ရအောင်လို့ လုပ်ရတော့မှာပါ။ ဘာစီလိုနာရော၊ ရီးရဲပါ ဆီဗီလာလို အိမ်ကွင်းအသီးသီးမှာ အသာရအောင်လို့ကစားရမှာ ပရိသတ်အကြိုက်ဖြစ်အောင် ဂိုးတွေရော သွင်းနိုင်မလားဆိုတာကလည်း စောင့်ကြည့်ရဦးမှာပါ။ စီရိုနယ်ဒို၊ မက်ဆီနဲ့ ဖေဘီယာနိုတို့ ဦးဆောင်နေတဲ့ ကလပ်အသင်းတွေဟာ မိမိကွင်း၊ မိမိမြေပေါ်မှာ ပရိသတ်အကြိုက် ကစားပြရင်း ပထမအကျော့က အနေအထားမျိုးကို ပြောင်းပြန်လှန်နိုင်အောင် မဖြစ်မနေလုပ်ယူရတော့မှာပါ။ ထိပ်တိုက်တွေ့ဆုံမှုတွေအရလည်း အဲဒီလိုကာလတွေမှာ စပိန်ကလပ်တွေဟာ အိမ်ကွင်းအားသာချက်နဲ့ အနိုင်ရအောင် တောက်လျှောက် လုပ်ထားတယ်၊ အစဉ်အလာမပျက် ဒီပွဲစဉ်မှာ စပိန်ကလပ်သုံးသင်းဟာ သေချာစေမယ့် ဂိုးတွေသွင်းပြီး နောက်တစ်ဆင့်ကို တက်သွားပြဖို့ ရှိနေမလားပဲ။

ဂရုစိုက်ရမယ့်ပွဲ

တစ်သင်းတည်းသာ ပါဝင်လာကြတဲ့ ပေါ်တိုကရော အိုလံပီယာကော့စ်နဲ့ စီအက်စ်ကေအေမော်စကို တို့လိုမျိုး အဝေးကွင်းမှာ ဘယ်လိုအနေအထားမျိုးနဲ့ ရင်ဆိုင်မှာလဲ။ ပေါ်တိုကတော့ ပထမအကျော့မှာ အနိုင်ရထားပေမယ့် ခြေမကွာ ဂိုးမကွာဘဲနဲ့ အနိုင်ရထားလို့ ဒုတိယအကျော့မှာ ရထားတဲ့ဂိုးတွေ ပွဲ့ပါမသွားအောင် ဂရုစိုက်ရမယ့်ပွဲလို့ ပြောရပါလိမ့်မယ်။

ဒါပေမယ့် စီအက်စ်ကေအေက ဆီဗီလာကို အိမ်ကွင်းမှာ တစ်ဂိုးစီ သရေကျထားတာပါ။ ဒါကြောင့် အဝေးကွင်းမှာ အဆင်ပြေအောင်လို့ မရမကရုန်းရပါပြီ။ အိုလံပီယာကော့စ်ကျတော့ ပိုဆိုးတယ်။ သူတို့က အိမ်ကွင်းမှာ ဘော်ဒိုးကို လက်ခံကစားရတာတောင် ၁-၀နဲ့ အရေးနိမ့်ခဲ့ပါတယ်။ အိမ်ကွင်းအရှုံးပွဲကို ချေပနိုင်အောင်လို့ ဒုတိယအကျော့မှာ အိမ်ကွင်းမာတဲ့ ဘော်ဒိုးကို ဘယ်လို အလဲထိုးပြမှာလဲ။ ဖောင်ဖျက်ကစားရမယ့် အနေအထားမှာ ဂရိကလပ်ဟာ ပွဲအစအဆုံး ပြင်သစ်ကလပ်ကို တိုက်စစ်သက်သက်နဲ့ပဲ ကစားရဖို့ရှိနေပါတယ်။

ဒုတိယအကျော့မှာ ကစားရမယ့် အသင်းတွေအနေနဲ့ ပြန်လည်ရယူရမယ့် အခွင့်အရေးတွေ၊ ဂိုးတွေနဲ့ အနိုင်ရယူမှုတွေဟာ တိတိကျကျနဲ့ ပစ်မှတ်ရောက်ဖို့ လိုနေပါတယ်။ ထိအောင် ပစ်တာတောင် လိုအပ်တဲ့ ဂိုးအရေအတွက်ရဖို့ အရေးပါနေတော့ ဘာတွေ ဆက်ဖြစ်လာမလဲဆိုတာဟာ စိတ်ဝင်စားစရာပါပဲ။ ချန်ပီယံလိဂ် ၁၆သင်း ရှုံးထွက် ဒုတိယအကျော့ ပထမပွဲစဉ်တွေမှာတော့ အာဆင်နယ်-ပေါ်တို၊ ဖီအိုရင်တီးနား- ဘိုင်ယန်မြူးနစ်တို့ဟာ မတ် ၁၀ရက် မြန်မာစံတော်ချိန် နံနက် ၂နာရီ ၁၅မိနစ်မှာ ကစားမှာပါ။ အဲဒါပြီးရင် မတ် ၁၁ရက် မှာတော့ မန်ယူနဲ့ အေစီမီလန် ပွဲရယ်၊ ရီးရဲမက်ဒရစ်နဲ့ လီယွန်ပွဲရယ် ကစားဖို့ရှိနေသေးတယ်။ ကျန်ရှစ်သင်းကတော့ လာမယ့် မတ် ၁၇ရက်နဲ့ ၁၈ရက်တွေမှာ ထပ်မံကစားကြရမှာပါ။

မတ် ၁၀ရက်၊ နံနက် ၂း၁၅နာရီ

ဖီအိုရင်တီးနား-ဘိုင်ယန်မြူးနစ်

ပထမအကျော့မှာ အငြင်းပွားဖွယ် လူကျွံဂိုးနဲ့ အနိုင်ရသွားတဲ့ ဘိုင်ယန်ဟာ ဒုတိယ အကျော့မှာတော့ အိမ်ရှင်အီတလီကလပ်ကို ဂရုစိုက်ပြီး ဂိုးတွေပြန်မပေးရဖို့ သတိထားကစားရတော့မှာပါ။ ဖီအိုရင်တီးနားမှာ မက်ဆီမိုဂေါ့ဘီ ပွဲပယ်ခံထားရပေမယ့် အခုပွဲမှာတော့ တခြားကစားသမားအစားထိုးပြီး ဘိုင်ယန်ကို ဖြိုလှဲဖို့လုပ်ပါလိမ့်မယ်။ ခက်တာက ဘိုင်ယန်ဟာ ဗန်ဟားလ်ကြောင့် ကစားအားရော ကစားသမားတွေရဲ့ စွမ်းဆောင်ရည်ပါတက်လာပြီး အချိတ်အဆက်မိနေတာကြောင့် သူတို့ရဲ့ တန်ပြန်တိုက်စစ်ကလည်း ကြောက်စရာပါ။ ဂျူဗင်းတပ်စ်ကိုတောင် ဖြိုလှဲလာတဲ့



ရီးရဲတို့ နိုင်ပွဲရရှိရေးအတွက် ကာကာ ဘယ်လိုဖန်တီးပေးမှာလဲ....။

အသင်းမျိုးဆိုတော့ ဖီအိုလိုကစားသမား မစုံဘဲ တရစပ်တိုက်စစ်ဖွင့် ကစားမယ့် အသင်းမျိုးကို အများစောင့်ပြီး ဂျာမန်ကလပ် ဘိုင်ယန် ကစားမှာပါ။ ဒါကြောင့် ဖီအိုဟာ ပထမအကျော့ကအရှုံးကြောင့် ဖိအားများနေ တဲ့အတွက် အိမ်ကွင်းမှာ နိုင်လိုဇောကြီးနေရင် ဧည့်သည့်ကို ရင်ဆိုင်ဖို့မလွယ်ဘူး။ တစ်ချိန်ချိန်မှာ အခက်တွေ့နိုင်ပါတယ်။ ဒါကြောင့် အဝေးကွင်းမှာ ဂိုးမပေးရအောင် ထိန်းထားပြီး သရေရရင်တောင် နောက်တစ်ဆင့်ရောက်ဖို့ သေချာတဲ့ ဘိုင်ယန် အသာရဖို့များပါတယ်။

အေစီတို့ အိမ်ပြန် မလှအောင် မန်ယူအတွက် ဂိုးတွေ သွင်းပြဦးမှာလား ရွန်နေ....။

အာဆင်နယ်-ပေါ်တို

ပေါ်တိုကတော့ ပထမအကျော့မှာ အစဉ်အလာမပျက် အာဆင်နယ်ကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရခဲ့သလို အငြင်းပွားစရာတွေလည်း အများကြီး ရှိခဲ့ပါတယ်။ ဒါကြောင့် ဒီပွဲမှာထပ်ပြီးဖြစ်မလာဘူးလို့ ဘယ်သူပြောရဲမလဲ။ အာဆင်နယ်ဟာ လတ်တလောမှာ ကစားသမားကောင်းတွေ ဒဏ်ရာကနေ သက်သာလာကြပြီဖြစ်တာကြောင့် ပြန်ပြီးစုစည်း မိနေတယ်။ ပေါ်တိုကိုလည်း အမ်းမရိတ်မှာ ပြန်ပြီးအနိုင်ရအောင်လို့ ကစားမှာဖြစ်ပါတယ်။ ပေါ်တိုဟာ အာဆင်နယ်မြေပေါ်မှာ နှစ်ကြိမ်နှစ်ခါ ကစားခဲ့ရာမှာ တစ်ခါမှ အနိုင်မရခဲ့ပါဘူး။ ၂၀၀၈-၂၀၀၉ မှာတုန်းက လေးဂိုး-တစ်ဂိုးနဲ့ တစ်ခါ၊ ၂၀၀၆-၂၀၀၇ မှာတုန်းက နှစ်ဂိုး ဂိုးမရှိနဲ့ တစ်ခါ ပေါ်တိုအရေးနိမ့်ထားခဲ့ပါတယ်။ ဒီပွဲမှာတော့ ပေါ်တိုဟာ အစဉ်အလာထဲကနေ ဖောက်ထွက်နိုင်အောင် လုပ်ဖို့ကလည်း ခက်ခဲမှာပါ။ ပေါ်တိုရဲ့လက်ရှိ တိုက်စစ်ဟာ ထက်မြက်ပေမယ့်လည်း အာဆင်နယ်ရဲ့ အနိုင်ရလိုမှု လောဘအောက်မှာ အရာရောက်မှာမဟုတ်ပါဘူး။ အကြိတ်အနယ် ကစားရပေမယ့်လည်း နောက်ဆုံးမှာ ပေါ်တိုဟာ အရေးနိမ့်ဖို့ရှိပါတယ်။ အာဆင်နယ် နောက်တစ်ဆင့် တက်လှမ်းဖို့အလေးသာပါတယ်။

မတ် ၁၁ရက်၊ နံနက် ၂း၁၅နာရီ

ရီးရဲမက်ဒရစ်-လီယွန်

လီယွန်ရဲ့ သူရဲကောင်းတွေဖြစ်တဲ့ ဂိုဗူးနဲ့ မာကွန်းတို့ အဝေးကွင်းတိုက်စစ်ဟာ တော်တော်လေးကို ထိရောက်မှုရှိ

တယ်။ ပြီးတော့လည်း ပထမအကျော့က အရေးနိမ့်ထားတဲ့ ဒဏ်နဲ့ ရှိတဲ့ကစားအားကို အပြည့်ထုတ်သုံးပြီး ကမ္ဘာကျော်ဘောလုံးသမားတွေရဲ့ ထိုးဖောက်မှုအစွမ်းနဲ့ ဂိုးတွေရအောင်လို့လုပ်မှာပါ။ ပထမ အကျော့က ပေးထားရတဲ့ တစ်ဂိုးဟာ ရီးရဲအနေနဲ့ ပြန်လည်သွင်းယူဖို့ မခက်ပေမယ့်လည်း ပြိုင်ဘက်ကို ဖိဖိစီးစီးနဲ့ မကစားနိုင်ရင် အခက်အခဲ ကြုံရနိုင်ပါတယ်။ ရီးရဲဟာ လီယွန်ကို တွေ့တဲ့ပွဲတိုင်း ဘာနေဗျူးမှာ သရေတွေပဲ ကစားထားလာတော့ ဒီတစ်ခါလည်း အစဉ်အလာထဲကနေပြီး ရုန်းထွက်ပြနိုင်မလားလို့ တွေးစရာရှိပေမယ့် အခွင့်အရေးရရင် ဂိုးတွေသွင်းပြနေတဲ့ စီရိုနယ်ဒိုတို့အုပ်စု ရှိနေသေးတာကြောင့် ဘာနေဗျူးမှာ ရီးရဲ ပရိသတ်တွေ ပူပင်စရာမလိုပါဘူး။ ဖြစ်နိုင်ခြေရှိတာကတော့ အိမ်ကွင်းမှာ ရီးရဲတို့ ခြေစွမ်းပြသွားမယ်ဆိုတာပါပဲ။

မန်ယူ-အေစီမီလန်

ဒီပွဲမှာတော့ မီလန်ရဲ့ တရစပ်ထိုးစစ်ဟာ အသုံးဝင်မှု ရှိနိုင်ပါ့မလားပဲ။ ဘာကြောင့်လဲဆိုတော့ မန်ယူမြေပေါ်မှာ ကစားရတဲ့ အခါတိုင်း မီလန်ဟာ အသာရရှိမှုနည်းပါးလို့ပါ။ အိမ်ကွင်းမာတဲ့ မန်ယူကတော့ ချန်ပီယံလိဂ်ဒီအဆင့်ကနေပြီး နောက်တစ်ဆင့်ရောက်ဖို့ လုပ်မှာ



အာဆင်နယ်တို့ရဲ့ အနိုင်ရလိုစိတ်ကို မြှင့်တင်ပေးမယ့် ကွင်းလယ်မှ ဖာဘရီဂတ်စ်။

ဖြစ်တာကြောင့် အလျှော့ပေးမှာ မဟုတ်ဘူး။ ပထမအကျော့က ရလဒ်တွေကို မန်ယူဟာ သူတို့ရဲ့သိက္ခာ နဲ့ မာနအတွက် အီတလီကလပ်တွေရဲ့ ထိပါးမှုကို ခံမှာမဟုတ်တာကြောင့် ရှိတဲ့ကစားသမားတွေနဲ့ ပြန်ပြီးတော့ အလဲထိုးမှာပါ။ ဒါကြောင့်လည်း အခုပွဲမှာ မန်ယူဟာ မီလန်ကို ကစားရခက်ဖို့မရှိဘဲ ထိန်းချုပ်ကစားပြမှာပါ။ ဖြစ်လာနိုင်တာကတော့ မန်ယူအနေနဲ့ သက်သောင့်သက်သာ ကစားပြီး ရှေ့တစ်လှမ်းကို တက်လှမ်းသွားမှာပါပဲ။ ။ **(မြန်မာ့အလင်း)**

အင်္ဂလန် သုံးသင်းစလုံးဟာ လတ်တလောမှာ ပွဲကျပ်၊ ပွဲဆက်တွေ ကစားထားရသလို ပွဲပယ်ခံရသူတွေလည်းရှိနေတော့ အိမ်ကွင်းအသီးသီးမှာ သူတို့လိုချင်တဲ့ဂိုးတွေ သွင်းပြနိုင်မလားဆိုတာ စိုးရိမ်စရာပါ။

ကျောင်းကုန်းမြို့နယ်အလက(ခွဲ) ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပ

ကျောင်းကုန်း ဖေဖော်ဝါရီ ၂၈

၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ ၉ရက် မွန်းတည့် ၁၂နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် အလက(ခွဲ)အောက်ပိုင်းကျောင်း၌ ကျင်းပရာ မြို့မိမြို့ဖ ဦးသိန်းထွန်း၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်း၊ ကျောင်းမိသားစုခေါင်းဆောင် အထက(၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းနှင့် ကျောင်းအကျိုးတော်ဆောင် ဦးခင်စိုးတို့က အမှာစကား ပြောကြားကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ဆက်လက်၍ ပညာရည်ချွန်ဆုပေးပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုပွဲကျင်းပရာ သူငယ်တန်းမှ အဋ္ဌမတန်းအထိ ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများနှင့် ၂၀၀၉-၂၀၁၀ပညာသင်နှစ် ဘက်စုံထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ကြပြီးနောက် အလှူရှင်များအား ဂုဏ်ပြုပွဲတွင် အလှူရှင် ဦးတင်မြင့်-ဒေါ်သန်းဌေး (ပညာတံခွန်) မိသားစုက ပညာရည်ချွန်ဆု ငွေပဒေသာပင်အဖြစ် ငွေကျပ်သုံးသိန်းနှင့် အလျားပေ ၁၂၀၊ အနံပေ၃၀ရှိ တိုးချဲ့ဆောင် ကြမ်းခင်းရန်အတွက် ကျောင်းသားကျောင်းသူဟောင်းများက စုပေါင်း၍လှူဒါန်းသည့် ငွေကျပ် ၁၄ သိန်းကျော် စုစုပေါင်းငွေကျပ် ၁၇ သိန်းကျော် လှူဒါန်းရာ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး **(အောက်ပုံ)** ကျောင်းအုပ်ဆရာကြီး ဦးစိန်သန်းဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(၁၅၄)**

ပြည်ထောင်စုနေ့ အခမ်းအနား မချမ်းဘော ဂူဘားခန်းမ၌ ကျင်းပ

မချမ်းဘော မတ် ၃

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၁၀နာရီက ကချင်ပြည်နယ် မချမ်းဘော မြို့နယ်ရှိ ဂူဘားခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌထံမှ ပေးပို့သော (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခေါင်လန်ဒီးက ဖတ်ကြားသည်။

ဆုချီးမြှင့်

ဆက်လက်၍ ပြည်ထောင်စုနေ့ အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၌ ဆုရရှိသော ကျောင်းသား ကျောင်းသူများအား မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆုများချီးမြှင့်ကြသည်။ **(မြို့နယ်ပြန်/ဆက်)**

ဆီဆိုင်မြို့နယ် ကုန်းဆွတ်ကျေးရွာအုပ်စု မကောက်ကျေးရွာ စိမ့်စမ်းရေထွက်မှ ရေသွယ်တန်းနေမှုကို မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးခင်မောင်ခစစ်ဆေးရာ အငယ်တန်း အင်ဂျင်နီယာ-၂ ဦးခွန်အောင်ငြိမ်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

ပြင်ဦးလွင်မြို့ အမက(၂၁)၌ ဘက်စုံပညာရည်ချွန်ဆုပေး

ပြင်ဦးလွင် ဖေဖော်ဝါရီ ၂၇

ပြင်ဦးလွင်မြို့နယ် အမှတ်(၂၁)အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ဘက်စုံပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၄ရက်က အဆိုပါ မူလတန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပညာရေးမှူး ဒေါ်ရွှေပေါက အမှာစကားပြောကြားပြီး အမှတ်(၂၁)အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်မြင့်က ကျောင်းလုပ်ငန်းများနှင့် ပညာရေးရည်မှန်းချက် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး၏ဇနီးနှင့် တက်ရောက်လာသူများက ဘက်စုံပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ပေးအပ်သည်။ **(၀၈၈)**

မီးသတိပြု ကာကွယ်မှု ပေါင်းစုဆောင်ရွက်ကြ

5-3 (15).pmd 1 3/5/2010, 2:05 AM

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲ ကျိုက်ထို၌ ကျင်းပ



ကျိုက်ထို ဖေဖော်ဝါရီ ၂၇

ကျိုက်ထိုမြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၈ ရက်က အထက(၂)ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယရဲမှူးခင်အောင်က အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

လက်တွေ့သရုပ်ပြ

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနေမျိုးဟိန်းကိုနှင့် ဒုတိယမြို့နယ်တရားသူကြီး ဦးတင့်လွင်တို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာများ ဟောပြောကြပြီး မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့က ဆောင်ရန်၊ ရှောင်ရန်များကို လက်တွေ့သရုပ်ပြ ရှင်းလင်းကြသည်။ ဆက်လက်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဗွီစီဒီအခွေများနှင့် အလံများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်မာသို့ မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့မှ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။ ထို့နောက်တက်ရောက်လာသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေး ဗွီစီဒီအခွေများကို ပြသပေးခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

ကတ္တရာလမ်းသစ်ဖွင့်

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် သာစည်မြို့ (၆)ရပ်ကွက် ရေလည်ကျောင်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးပေါက်ကျော်နှင့် မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးမောင်တိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၀၉၄)

ရွှေတောင်တွင် ဟောပြောပွဲကျင်းပ

ရွှေတောင် မတ် ၁

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် အမက(မြောက်ပိုင်း)ကျောင်းတွင် ပြည်ထောင်စုနေ့ ဟောပြောပွဲကို ဖေဖော်ဝါရီ ၁၁ရက် နံနက် ၁၀နာရီက ကျင်းပသည်။

ဟောပြောဆွေးနွေး

အဆိုပါဟောပြောပွဲတွင် ရွှေတောင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးဒေါ်တင်သူဇာလှိုင်က ပြည်ထောင်စုနေ့အကြောင်းသီကောင်းစရာများ ဟောပြောဆွေးနွေးရာ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၈၅ဦး တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား တာချီလိတ်၌ ထောက်ပံ့ငွေပေးအပ်

တာချီလိတ် ဖေဖော်ဝါရီ ၂၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့မှ ထောက်ပံ့သည့် အသက် (၇၅)နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ငွေ ပေးအပ်ပွဲနှင့် အဖွဲ့ဝင်များ၏ သားသမီးများအတွက် ပညာသင်ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ရက် နံနက် ၁၀နာရီက တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ ကျင်းပသည်။ အစီအစဉ်အရ တာချီလိတ်မြို့နယ်စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးကျော်သူ(ငြိမ်း)က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဗိုလ်ကြီးကျော်သူ(ငြိမ်း)က အသက် (၇၅)နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၁၈ဦးတို့အား တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် သုံးသောင်းစီနှင့် အဖွဲ့ဝင်များ၏သားသမီး ၄၀၅ ဦးအတွက် ပညာသင်စရိတ်ငွေကျပ် ၁၁၂၇၀၀၀ ကို ပေးအပ်သည်။ (ခရိုင် ပြန်/ဆက်)

သစ်သားတံတား တိုးချဲ့ပြင်ဆင်

၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ခရိုင်ချင်းဆက်လမ်း အမှတ်(၂) ဝမ်းတွင်းမြို့နယ်အပိုင်း မိုင်တိုင်အမှတ်(၇၀/၅)ရှိ ဂုဏ်ရွာကျေးရွာအနီး သစ်သားတံတား တိုးချဲ့ပြင်ဆင်ခြင်း လုပ်ငန်းကို ဖေဖော်ဝါရီ၁၃ရက်က မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမင်းအောင်မြင့်စိုး ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော မင်္ဂလာလမ်း ကတ္တရာလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်က အဆိုပါ လမ်းထိပ်မုခ်ဦးရှေ့၌ ကျင်းပရာ သီပေါမြို့နယ် ဥက္ကဋ္ဌဦးကျော်ကျော်မောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဖြိုးကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၀၂၀)

မြို့နယ် သတင်း ထွေတလာ

ပြည်ထောင်စုနေ့ မိုးညှင်း၌ ကျင်းပ

မိုးညှင်း မတ် ၁

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို မိုးညှင်းမြို့နယ် နည်းပညာကောလိပ်အနီး လွတ်လပ်ရေးကျောက်တိုင်၌ ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံမှ ပေးပို့သော သဝဏ်လွှာကို မိုးညှင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်စိုးက ဖတ်ကြားသည်။

တက်ရောက်

အခမ်းအနားသို့ မိုးညှင်းခရိုင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ်ရပ်ကွက်များမှ ဥက္ကဋ္ဌများနှင့် ပြည်သူများ၊ ကချင်နှင့် ရှမ်းတိုင်းရင်းသား ရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော် ကျောက်ဆည်၌ကျင်းပ

ကျောက်ဆည် ဖေဖော်ဝါရီ ၂၅

ကျောက်ဆည်မြို့နယ် ဒွေးလှကျေးရွာ အခြေခံပညာအလယ်တန်း ကျောင်းခွဲ၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၂၈ရက် နံနက် ၉နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားကို သတ္တမတန်း ကျောင်းသား ကျောင်းသူလေးများက ပညာရေးစုံညီပွဲတော်သီချင်းဖြင့် ဖွင့်လှစ်ပြီး မြို့နယ်ပညာရေးမှူး ဒေါ်ကြည်ကြည်ဌေးက အဖွင့်အမှာစကားပြောကြားကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမြင့်က ပညာရည်ချွန်ဆုပေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျေးရွာဥက္ကဋ္ဌ ဦးစိန်မင်းက ကျောင်းဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြဆွေးနွေးပြီး၂၀၀၈-၂၀၀၉ ပညာသင်နှစ်တွင် အတန်းလိုက် စာပေဘာသာရပ်၌ ထူးချွန်သော ကျောင်းသားကျောင်းသူများအား မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာမကြီး(ဝဲပုံ)တို့က ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုများချီးမြှင့်ကြပြီး မြို့နယ်အဆင့်၊ အုပ်စုအဆင့်များတွင် ထူးချွန်သော ကျောင်းသား ကျောင်းသူများအား ကျေးရွာဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ပြန်လည်ပေးအပ်

ဆက်လက်၍ ထူးချွန်ကျောင်းသားကျောင်းသူများ ဆုချီးမြှင့်နိုင်ရေးအတွက် ကူညီပံ့ပိုးသော စေတနာရှင်အလှူရှင်များအား ကျောင်းအုပ်ဆရာမကြီးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ကျောင်းအကျိုးတော်ဆောင် ဦးမြင့်သိန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

တောင်တွင်းကြီးမြို့နယ် ညာတောကျေးရွာ ရွှေညာမြေစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၄ရက်က ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးဇော်ဌေးအောင်၊ ပြောင်းဖူးစေ့ ထွက်ကုန်ပစ္စည်းစက်ရုံ (ရန်ပယ်)စက်ရုံမှူး ဦးဇော်ထွန်းအောင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးဝင်းတင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

သာစည်မြို့ သဲပုံကျေးရွာ၌ စာကြည့်တိုက်ပန္နက်တင်

သာစည် ဖေဖော်ဝါရီ ၂၈

သာစည်မြို့နယ် သဲပုံကျေးရွာအုပ်စု သဲကုန်းကျေးရွာတွင် အလှူရှင်မှ လှူဒါန်းသည့်ငွေဖြင့် ကျေးရွာစာကြည့်တိုက် ဆောက်လုပ်ရန် ပန္နက်တင်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၇ရက်က အဆိုပါကျေးရွာ၌ ကျင်းပရာ အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဘိုလှရီ၊ မြို့နယ်ဦးစီးမှူး ဦးဝင်းတင့်နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးညွန့်တင်တို့က စာကြည့်တိုက်အဆောက်အအုံအတွက် ပန္နက်တင်ပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

ညောင်တုန်းတွင် ကတ္တရာလမ်းသစ်ဖွင့်

ညောင်တုန်း ဖေဖော်ဝါရီ ၂၅

ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ညောင်တုန်းမြို့ လမ်းမတော်နေ အလှူရှင် ဦးကြည်နှင့် စေတနာရှင်များ စုပေါင်းလှူဒါန်းဆောင်ရွက်သည့် ရန်ကုန်ကျောင်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယင်းလမ်း၌ ဖေဖော်ဝါရီ ၉ရက်က ကျင်းပရာ ညောင်တုန်း မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်ဇင်၊ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများ တက်ရောက်ကြသည်။

ရန်ကုန်ကျောင်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း တည်ဆောက်မှုနှင့်ပတ်သက်၍ တာဝန်ရှိသူများက တင်ပြကြပြီး လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ (၁၅၂)

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ပြီးစီးခဲ့သော ကန်ကြီးရပ်ကွက် ကတ္တရာလမ်းခြောက်လမ်း လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၆ရက်က အဆိုပါမုခ်ဦးတွင် ကျင်းပရာ တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

Bright Star Education Centre ဖွင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၄

Bright Star Education Centre ဖွင့်ပွဲနှင့် ကွန်ပျူတာသင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၈ရက် နံနက်က အမှတ်(ရသ/၁၀) ရွာသစ်ရပ်ကွက် ပြည်ထောင်စုလမ်းမကြီး အောင်ပန်းမြို့၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်သက်နိုင်၊ Bright Star Education Centre မှ ဆရာဦးစိန်ဝင်းနှင့် အောင်ပန်းအထက(၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြဝင်းတို့က သင်တန်းကျောင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ဖွင့်ပွဲမဏ္ဍပ်အတွင်း ဆက်လက်ကျင်းပရာ ပညာရေးကောလိပ် ကျောင်းအုပ်ကြီး(ငြိမ်း) ဦးသိန်းမြင့်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး ဆရာဦးစိန်ဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။

သင်ကြားပို့ချ

အဆိုပါ Bright Star Education Centre တွင် ကွန်ပျူတာအခြေခံများနှင့် အခြားဘာသာရပ်များ သင်ကြားပေးမည်ဖြစ်ပြီး ပန်းချီနှင့် ဂီတဘာသာရပ်များကိုလည်း သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် စနေ၊တနင်္ဂနွေ အပတ်စဉ် ယဉ်ကျေးလိမ္မာသင်တန်းများကိုလည်း သင်ကြားပို့ချပေးမည်ဖြစ်ပြီး တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုပြီးချိန်တွင် LCCI စာရင်းကိုင်သင်တန်းနှင့် ကွန်ပျူတာသင်တန်းများကိုလည်း ဆက်လက်ဖွင့်လှစ်ရန်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုနေ့ ဆင်ဘို၌ ကျင်းပ

ဆင်ဘို ဖေဖော်ဝါရီ ၂၀

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဆင်ဘိုမြို့၌ (၆၃) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၈နာရီက ဆင်ဘို အထက အားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံမှ ပေးပို့သော (၆၃) နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးစိုးသက်က ဖတ်ကြားသည်။ *(မြို့နယ် ပြန်/ဆက်)*

ကြာအင်းဆိပ်ကြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ငွေလုံး ငွေရင်းလုပ်ငန်းဖြစ်သော လုပ်သားလမ်း ကတ္တရာ ခင်းခြင်း လုပ်ငန်းကို ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်ချိုက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဖေဖော်ဝါရီ ၁၉ရက်က ဖျာပုံ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ဖျာပုံ- ဓမင်းဆိပ်လမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းခွင်သို့ အင်ဂျင်နီယာမှူး ဦးတင်မောင်စိုး ကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဝင်းကိုက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်ရေရှည်တည်တံ့ရေး အသိပညာပေး ဟောပြောပွဲကျင်းပ

မန္တလေး မတ် ၂

မန္တလေးခရိုင် ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၂၈ရက် နံနက် ၁၀နာရီက စာကြည့်တိုက် ရေရှည်တည်တံ့ရေး အသိပညာပေးဟောပြောပွဲကို မြို့သစ်အမှတ် (၅) ရပ်ကွက်ရှိ သင်းရန့် (၁) စာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စောလွင်က စာကြည့်တိုက် ရေရှည်တည်တံ့ရေးအတွက် စံ(၅)ချက်နှင့် ပြည့်စုံရန် စာငှားကတ်စနစ်ကျင့်သုံးခြင်းဖြင့် စာအုပ်စာစောင်များ တိုးပွားရေး၊ ငွေပဒေသာပင် စိုက်ထူလှူဒါန်းရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးတို့ကို ဆွေးနွေးဟောပြောသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ် သတင်း ထွေတလာ

ဆီဆိုင်၌ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်

ဆီဆိုင် ဖေဖော်ဝါရီ ၁၅

ဆီဆိုင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ဦးစီး၍ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ဇန်နဝါရီ ၂၈ရက် မွန်းလွဲ ၂နာရီက မြို့နယ်ခန်းမရှေ့၌ ကျင်းပရာ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလွင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

အဆိုပါ ပြိုင်ပွဲသို့ ပြိုင်ပွဲဝင်အသင်း ခုနစ်သင်း ပါဝင်ယှဉ်ပြိုင်ပြီး ဆုရအသင်းများကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြက ဆုများပေးအပ်ချီးမြှင့်သည်။

(မြို့နယ် ပြန်/ဆက်)

ဇန်နဝါရီ ၂၆ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးကြည် မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော ကြက်ဖရေကျတံတား ဆောက်လုပ်မှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဦးချစ်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဦးစောဝင်းတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

မြစ်ကြီးနားမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ စေတနာအလှူရှင်များ စုပေါင်းသွေးလှူဒါန်း

မြစ်ကြီးနား ဖေဖော်ဝါရီ ၂၅

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဘဏ်တွင် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် စေတနာသွေးလှူရှင်များ စုပေါင်းသွေးလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၁ရက်က ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ်အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာခင်တင်၊ သွေးလှူဘဏ်တာဝန်ခံ ဒေါက်တာခင်မြမွန် (အထူးကုဆရာဝန်ကြီး -ရောဂါဗေဒ)နှင့် ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပြည်နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးအောင်မြင့်ဆွေ၊ ပြည်နယ်ကြက်ခြေနီ ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး သွေးသန့်စေတနာ သွေးလှူရှင်များအသင်းဥက္ကဋ္ဌ ဦးဂဲနက်စ်နှင့် သွေးသန့် စေတနာသွေးလှူရှင်များအသင်း စည်းရုံးရေးမှူး ကြက်ခြေနီတပ်ဖွဲ့ တပ်ခွဲမှူး ဒေါ်တင့်တင့်ဝင်း၊ စေတနာရှင် သွေးလှူရှင်များ၊ သွေးလှူရှင် တပ်မတော်သားများ၊ ကွန်ပျူတာတက္ကသိုလ် ပညာရေးကောလိပ် အသီးသီးတို့မှ စေတနာသွေးလှူရှင် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လှူဒါန်း

အခမ်းအနားတွင် သွေးလှူရှင်များက မြစ်ကြီးနားမြို့ ပြည်နယ်အထွေထွေရောဂါကု ဆေးရုံကြီး၌ ဖွင့်လှစ်ထားသော သွေးလှူဘဏ်သို့ စုပေါင်းသွေးလှူဒါန်းခြင်း ကျင်းပရာ စုစုပေါင်း သွေး ၇၉ပုလင်း လှူဒါန်းခဲ့ကြသည်။

(မြို့နယ် စာနယ်ဇင်း)

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ် စက်ယန္တရားများ ကြံ့ခိုင်မှုအခြေအနေကို ဖေဖော်ဝါရီ ၁၇ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသင်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်နိုင်မင်းတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ယာဉ်/လမ်း စည်းကမ်း လိုက်နာရေး အင်္ဂပူ၌ ဟောပြောဆွေးနွေး

အင်္ဂပူ မတ် ၂

ဧရာဝတီတိုင်း ဟင်္သာတခရိုင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၆ရက် နံနက်က အင်္ဂပူမြို့ မြို့နယ်ခန်းမ၌ ကျင်းပရာ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဟင်္သာတခရိုင်ဦးစီးမှူး ဦးအောင်ဝင်း၊ ခရိုင်ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာနဦးစီးမှူး ဦးစောမြင့်လွင်နှင့် ခရိုင်ရဲတပ်ဖွဲ့ (ယာဉ်ထိန်းတာဝန်ခံ) ဒုတိယ ရဲအုပ်ထွန်းအောင်ချိုတို့က ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ စနစ်တကျလိုက်နာစေရေးနှင့် ယာဉ်တိုက်မှု လျော့နည်းစေရေးတို့ အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။ (၁၄၀)

ကတ္တရာထပ်ပိုးလွှာခင်း

စေတုတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွက် အရှည် ၅၈၅ပေရှိ ဗိုလ်ချုပ်လမ်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်စိုး ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ရွှေက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

5-3 (17).pmd 1 3/5/2010, 2:05 AM

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

ဒုတိယဗိုလ်ချုပ်ကြီးသာအေး စစ်ကိုင်းတိုင်းအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေး

နေပြည်တော် မတ် ၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မတ် ၁ရက် မွန်းလွဲပိုင်းက စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါ၍ ရွှေဘိုမြို့ မဟာနန္ဒာကန် ပြန်လည်ပြုပြင်ထားရှိမှုနှင့် ကန်အတွင်း ရေဝင်ရောက်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်း တင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များကို မှာကြားသည်။

ရေသွင်းထားရှိ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ကန်ပေါင်ပတ်ဝန်းကျင်၌ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ ပျိုးဥယျာဉ်များ ပျိုးထောင်ထားရှိမှုနှင့် ရေထိန်းတံခါးတို့ကိုလည်းကောင်း၊ *စာမျက်နှာ ၈ ကော်လံ ၁* ✻

အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ထန်းတပင်မြို့နယ် မတ်ပဲခင်းများ

ရန်ကုန် မတ် ၄

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ဘောလည်ကျေးရွာအုပ်စုတွင် မတ်ပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ ဒေသခံ မတ်ပဲစိုက်ပျိုးထုတ်လုပ်သူ တောင်သူတစ်ဦးအား တွေ့ဆုံမေးမြန်းခဲ့ရာ မတ်ပဲကို စပါးရိတ်သိမ်းပြီး တစ်ပြိုင်နက် အစိုဓာတ်မခြောက်မီ ထွန်ယက်၍ ကြဲပက်ခြင်းစနစ်ဖြင့် စိုက်ခဲ့ကြောင်း၊ စတင်ကြဲပက်ချိန်က စ၍ သုံးလခန့်ကြာမြင့်လျှင် ရိတ်သိမ်းနုတ်ယူသည့် အဆင့်ထိရောက်ရှိကြောင်း၊ ပိုးမွှားများမကျရောက်နိုင်ရန် ပိုးသတ်ဆေးကို ရက်ပတ်နှင့် ပက်ဖျန်းပေးရကြောင်း ရှင်းပြသည်ကို မှတ်သားမိသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ❐

သတင်းမှတ်စုနှင့် ဓာတ်ပုံမှတ်တမ်း
မောင်သာဖြန်း(ထန်းတပင်)

စာမျက်နှာဖွဲ့စည်းမှု
ဝင့်မာသွင် (မြန်မာ့အလင်း)